# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ နယုန်လကွယ်နေ့ ၂၀၂၆ ခုနှစ်၊ ဇွန် ၁၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ(၆၅)၊ အမှတ်(၂၅၂)


**ယနေ့ ဖတ် စ ရာ**

### ကလေးအလုပ်သမား ပပျောက်ဖို့ တွဲလက်များဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

ဆောင်းပါး စာ ၆

### ထူးခြားမိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ **မိုး/ဇလ**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် – မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၆ ခုနှစ်-မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ မဟော်ဂနီပျိုးပင်အား ဦးဆောင် စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၁၃

၂၀၂၆ ခုနှစ် – မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ်(၁)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ မဟော်ဂနီပျိုးပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖



### နိုင်ငံပေါင်း ၂၀ ကျော်ပါဝင်သည့် ခရီးသွားပြပွဲ ရန်ကုန်မြို့၌ နှစ်ရက်ကြာကျင်းပ

ရန်ကုန် ဇွန် ၁၃

နိုင်ငံပေါင်း ၂၀ ကျော်မှ ပြခန်း ၇၀ ကျော် ပါဝင်သည့် UMTA Travel Fair(UTF) 2026 ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့စတင်ကျင်းပသည်။ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏

စာမျက်နှာ ၅ ကော်လံ ၅ ❒

### ဆည်တော်ကြီးရေလှောင်တမံမှ နွေစပါးနှင့် အခြားသီးနှံ ၅၈၇၀၅ ဧကကို ရေပေးဝေလျက်ရှိ

မန္တလေး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေလှောင်တမံမှ နွေစပါးနှင့် အခြားသီးနှံ ၅၈၇၀၅ ဧကကို ရေပေးဝေလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❍





### မောတောင်မြို့၌ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မောတောင် ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာနယ်စပ် မောတောင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ

စာမျက်နှာ ၅ ကော်လံ ၅ ◆







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင် စနစ်တကျစိုက်ပျိုးပြုစုပြီး စီမံအုပ်ချုပ်သွားရမည်

❖ ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံး လုပ်ငန်းတစ်ရပ်ဖြစ်

*❖ ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိက ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြည်သူလူထုပူးပေါင်းပါဝင်**

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတု မျှတကောင်းမွန်စေရေး စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယနေ့ နေပြည်တော် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း သစ်ပင် စိုက်ပျိုးပွဲတော်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပပြီး သစ်မျိုးစုံအပင်ပေါင်း ၅၄၈၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**ရေခံမြေခံအခြေခံကောင်းများ**

မိမိတို့နိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပြည့်စုံစွာရှိနေကြောင်း၊ အမျိုးအစားစုံလင်လှသည့် ဂေဟစနစ်များ၊ သစ်ပင်သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများသည် နိုင်ငံ၏စားရေရိက္ခာ ထုတ်လုပ်နိုင်မှု၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်သာယာဝပြောမှုနှင့် ရာသီဥတုသမမျှတစေမှုတို့အတွက် ရေခံမြေခံ အခြေခံကောင်းများဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိသက်ရှိများအားလုံး ရှင်သန် ရပ်တည်ရေးအတွက် အလွန်အရေးပါလှကြောင်း၊ ထို့ပြင် ရာသီဥတုမျှတရေး၊ စားရေရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး စသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက် ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများ



ဒုတိယသမ္မတ ဦးညိုစော သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။

သည် သဘာဝဂေဟစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင်စနစ်တကျစိုက်ပျိုးပြုစုပြီး စီမံအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများထဲတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်း (ဒသမ ၀၄) ရာခိုင်နှုန်း လျော့နည်းသွားသည်ကိုတွေ့ရပြီး သစ်တောပြုန်းတီးမှုများ လုံးဝရပ်တန့်သွားအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ ထားရစ်နိုင်ခဲ့ရန်အတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတွင် တွေ့ကြုံနေရသည့် ရာသီဥတုပြောင်းလဲမှု အဓိကအကြောင်းရင်းများကို လေ့လာဆန်းစစ်ကြည့်မည် ဆိုပါက ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများလာခြင်း၊ စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလာခြင်း စသည့် အကြောင်းရင်းများကြောင့် ဖြစ်ကြောင်း၊ အဆိုပါအချက်များကြောင့် လေထုထဲကို မှန်လုံအိမ်ဓာတ်ငွေ့အမြောက်အမြား ပိုမိုထုတ်လွှတ်လာပြီး ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်လာကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှု လေ့လာစောင့်ကြည့်ရေး အဖွဲ့တချို့၏ ၂၀၂၆ ခုနှစ်၊ ရာသီဥတုဘေးဖြစ်နိုင်ခြေ အညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုကြောင့် ထိခိုက်ခံစားမှုအများဆုံး ၁၀ နိုင်ငံတွင် ပါဝင်နေသည်ကို သိရကြောင်း၊ ရာသီဥတု ပြောင်းလဲမှုကြောင့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များ ပိုမိုဆိုးရွားပြင်းထန်လာစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည်ကို တွေ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ယခုနှစ်မှာ ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် ရှိသည်ကိုတွေ့ရကြောင်း၊ အလားတူ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့တွင် ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ရှိနေသည်ကို တွေ့ရကြောင်း။

**ကြိုတင်ပြင်ဆင်ထားရန်လိုအပ်**

အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် စူပါအယ်လ်နီညိုအဆင့်ထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုတို့ ပေါင်းစပ်သက်ရောက်လာသည်ကို ခံရမည်ဆိုပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီး လောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် ကဏ္ဍအသီးသီးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**အကျိုးအရှိဆုံးလုပ်ငန်း**

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

အပူပိုင်းဒေသ ၁၃ ခရိုင်အပါအဝင် အပူချိန်မြင့်မားသည့် မြေလတ်ဒေသ မြို့ကြီးများတွင် သစ်ပင်သစ်တော အလွန်ကျဲပါးခြောက်သွေ့ပြီး သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းနည်းပါးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေ့လာမှုများအရ အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အပင်ပေါင်း သန်း ၆၀ ကျော် စိုက်ပျိုးခဲ့သည့်အတွက်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ယေဘုယျအားဖြင့် ဧက နှစ်သိန်းကျော်နှင့် ညီမျှသည်ဟု တွက်ချက်သိရှိရကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်းကျော် စိုက်ပျိုးခဲ့သည့်အတွက် ယေဘုယျအားဖြင့် ဧက တစ်သန်းခန့်နှင့် ညီမျှသည်ကို တွေ့ရကြောင်း၊ လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုများရှိသော်လည်း စိုက်ပျိုးသည့် သစ်ပင်များ တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်အောင် စိုက်ပျိုးပြုစုနိုင်ခဲ့မည်ဆိုပါက သစ်ပင်သစ်တောဆုံးရှုံးမှုကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် သဘာဝတောများပျက်စီးပြုန်းတီးမှု မရှိစေရန်အတွက် သစ်တောများ စနစ်တကျစီမံအုပ်ချုပ် လုပ်ကိုင်ခြင်း၊ ကာကွယ် ထိန်းသိမ်းခြင်းဖြင့် သစ်တောဖုံးလွှမ်းမှု တိုးပွားလာပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ချထိန်းညှိနိုင်မည်ဖြစ်ကြောင်း။

**ရှင်သန်ကြီးထွားမှုကောင်း**

ထို့ကြောင့် သစ်ပင်များ စိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှ အပင်ရှင်သန်ရန် အလွန်အရေးကြီးကြောင်း၊ ပျိုးသက် နှစ်နှစ်ရှိပြီး ပျိုးပင်အမြင့် နှစ်ပေနှင့်အထက် ကျန်းမာကြံ့ခိုင်သည့် ပျိုးပင်များကို စိုက်ပျိုးကြရန်လည်း ထပ်မံမှာကြားလိုကြောင်း၊ **"မြေဆီစိုခိုက် သစ်ပင်စိုက်"**ဆိုသည့် ဆိုရိုးနှင့်အညီ ယခုကဲ့သို့ မုတ်သုံမိုးရွာသွန်းချိန်သည် မြေဆီလွှာများစိုစွတ်ပျော့ပျောင်းလာပြီး ရေဓာတ်ပြည့်ဝလာသည့်အတွက် အပင်ငယ်များလွယ်ကူစွာ အမြစ်တွယ်ပြီး ရှင်သန်ကြီးထွားရန် အကောင်းဆုံးနှင့် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်း၊ မုတ်သုံမိုးနှင့်အတူ သစ်ပင်များ အချိန်ကိုက် စိုက်ပျိုးသွားကြမည်ဆိုပါက အစိုဓာတ်လုံလုံလောက်လောက် ရရှိခြင်းကြောင့် ရှင်သန်ကြီးထွားမှုကောင်းပြီး ပူပြင်းခြောက်သွေ့သည့် နွေရာသီကို အောင်မြင်စွာ ဖြတ်ကျော်ရှင်သန်နိုင်မည် ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ရေရှည်ဆောင်ရွက်ကြရမည့် လုပ်ငန်းများ ဖြစ်ခြင်းကြောင့် နှစ်စဉ် စဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်စေရေး စည်းရုံး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟော်ဂနီပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးစဉ်။

ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

သစ်တောများသည် ရာသီဥတုကိုမျှတစေပြီး သဘာဝအရင်းအမြစ်များစွာကို ထိန်းသိမ်းနိုင်ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို **"အနာဂတ်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု"** အဖြစ် အလေးထားပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝအခြေပြု စီးပွားရေးဖွံ့ဖြိုးမှုပုံစံများဖြစ်သည့် ဇီဝစီးပွားရေး (Bio Economy)၊ အစိမ်းရောင်စီးပွားရေး (Green Economy) နှင့် စက်ဝန်းပုံစီးပွားရေး (Circular Economy)လုပ်ငန်းများကို ဖော်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် သစ်အချောထည်၊ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သားနှင့် သစ်ခွဲသားထုတ်လုပ်မှု လုပ်ငန်းများ၊ ဝါးမှပျော့ဖတ်နှင့် စက္ကူထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်မြင့်ချည်နှင့် ဝါးကြိတ်သား ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝါးအခြေခံပရိဘောဂနှင့် ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်လာအောင် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်လုပ်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သစ်တော သယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံလူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေပြီး သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ် ဝန်ဆောင်မှုများသည်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ရည်မှန်းဖွဲ့စည်းလျက်ရှိရာတွင် ယနေ့အထိ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော စုစုပေါင်း ၁၃၃၇ ခု၊ နိုင်ငံ့ဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်း တည်ထောင်နိုင်ခဲ့ပြီး သဘာဝထိန်းသိမ်းရေး နယ်မြေ ၆၂ ခု နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နှစ်စဉ် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်လျက်ရှိသကဲ့သို့ ယခုနှစ် မိုးရာသီတွင် နိုင်ငံအဝန်း သစ်တောစိုက်ခင်း ဧက သုံးသောင်းကျော်၊ သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း စိုက်ပျိုးတည်ထောင်သွားမည် ဖြစ်ကြောင်း၊ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ ၁၃ ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက် ဧရိယာများနှင့် ကမ်းရိုးတန်း ဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းကို ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရန်၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ဦးချင်းကစပြီး ဒေသအသီးသီးနှင့် ဌာန၊ အဖွဲ့အစည်းများအားလုံးက သစ်ပင်စိုက်ပျိုးရေးကို

## ❑ သစ်တောသယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေပြီး သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ် ဝန်ဆောင်မှုများသည်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်

တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်စေဖို့အတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်၊ နိုင်ငံအဝန်း သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာစေရေးအတွက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မဟော်ဂနီပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီုစောနှင့် ဒေါ်နန်းနီနီအေး၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိက ဆရာ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါး စိုက်ပျိုးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပန်းပွင့်သော သစ်မျိုးများဖြစ်ကြသည့် ကံ့ကော်၊ ခရေ၊ ပန်းမဲဇလီ၊ စိန်ပန်း၊ ပျဉ်းမ၊ ရတနာတန်းဝင် သစ်မျိုးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီနှင့် အမြဲစိမ်းသစ်မျိုးများဖြစ်သည့် ရင်းမာ၊ ဆီသပြေ၊ မအူ၊ မာလာလူးကား၊ ယမနေ၊ ရေတမာ စသည့် သစ်မျိုး ၁၆ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**မန္တလေး ဇွန် ၁၃**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုပြီး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။ ယင်းနောက် ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကိုးကန့်၊ တအာင်း၊ နာဂ၊ ရှမ်းနီ၊ ပအိုဝ်း၊ လီဆူနှင့် မယ်တိုင်(ကသဲ) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည်မှားယွင်းမှုကိစ္စများ၊ တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲတော် အခမ်းအနားကျင်းပရေးနိုင်ရေးအတွက် မြေကွက်နေရာရရှိရေးဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# "သမိုင်းအစ ယဉ်ကျေးမှုက" သမိုင်းဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၃**

"သမိုင်းအစ ယဉ်ကျေးမှုက" ခေါင်းစဉ်ဖြင့် သမိုင်းဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး၊ မြန်မာသမိုင်းအဖွဲ့ဝင်ဆရာကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တက္ကသိုလ်နှင့် အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဟောပြောပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က သမိုင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှက "သမိုင်းအစ ယဉ်ကျေးမှုက" ခေါင်းစဉ်ဖြင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူ၊ ပုဂံခေတ်စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုအဆင့်ဆင့် ထွန်းကားတိုးတက်ပြောင်းလဲသော သမိုင်းဆိုင်ရာအကြောင်းအရာများကို ဟောပြောဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ကြီးကြပ်မှု၊ မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၏ ပံ့ပိုးမှုနှင့်အတူ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပခြင်းဖြစ်သည်။

"မြန်မာကုမ္ပဏီ ၅၀ ကျော်ပါဝင်ပါတယ်။ နိုင်ငံခြားပြခန်းတွေမှာ မလေးရှား၊ နီပေါလ်စတဲ့နိုင်ငံတွေပါသလို ခရီးသွားအေဂျင်စီတွေအနေနဲ့ ပြင်သစ်၊ စလိုဗက်ကီးယား၊ ၊ ရိုမေးနီးယား၊ စပိန်၊ မလေးရှား၊ အင်ဒိုနီးရှား စတဲ့ နိုင်ငံပေါင်း ၂၀ ကနေ ခရီးသွားအေဂျင်စီတွေ၊ Tour operator တွေ လာရောက်ပြသတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်က ပြောကြားသည်။

ပြပွဲမှတစ်ဆင့် ပြည်တွင်း ပြည်ပမှ ခရီးသွားလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ လုပ်ငန်းမြှင့်တင်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**MT**

○ *ရှေ့ဖုံးမှ*

ဆည်တော်ကြီး ရေလှောင်တမံမှ ယခုနှစ် နွေစပါး ၅၄၄၉၅ ဧကနှင့် အခြားသီးနှံ ဧက ၄၂၁၀ စုစုပေါင်း ၅၈၇၀၅ ဧက စိုက်ပျိုးပြီးစီးကာ အောင်ရေပေးဝေလျက်ရှိပြီး မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့သို့ မိုးစပါးရေပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

◆ *ရှေ့ဖုံးမှ*

နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျာထွေး ဦးဆောင်၍ တပ်မတော်သားများ၊ မောတောင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ကျောင်းကော်မတီအဖွဲ့ဝင်များ၊ ကျောင်းသားမိဘများနှင့် ဒေသခံပြည်သူများက ကျောင်းပတ်ဝန်းကျင်ရှိ မြက်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်းနှင့် သန့်ရှင်းသာယာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်၌ ၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**အိမ်မဲ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက တကောကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၅၀ ခန့်က ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ မန်ကျည်းရှားပင် စုစုပေါင်း ပျိုးပင် ၈၀၀ တို့ကို စိုက်ပျိုးပေးခဲ့ကြသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# ကွန်ဟိန်း၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းပြုလုပ်ပေး

**ကွန်ဟိန်း ဇွန် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကွန်ဟိန်းမြို့နယ် ဦးစီးမှူး ဦးကျော်သူဝင်းနှင့် ဝန်ထမ်းများက ကာလိမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ အသက် ၁၀ နှစ်ပြည့်သူ ကျောင်းသား ကျောင်းသူ ၉၀ အား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး**



# ကလေးဝမြို့၌ မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့များ အခမဲ့ပေးအပ်

**ကလေးဝ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်က အမှာစကားပြောကြား၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က မျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်သူ ၃၀ အား ရေမင်း၊ ဆင်းသုခ၊ အောင်နိုင်တိုး မျိုးစေ့များကို တောင်သူ တစ်ဦးလျှင် တစ်ဧကတစ်တင်းနှုန်းဖြင့် အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# လေယာဉ်လက်မှတ်ခနှုန်းထားများ သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့် မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၁၃**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့သည့် Agent အမည်၊ ဝယ်ယူခဲ့ရသည့်ဈေးနှုန်းနှင့် ငွေပေးချေသည့် အထောက်အထားစသည့် တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့် မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

**သတင်းစဉ်**


**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ကလေးအလုပ်သမားပပျောက်ဖို့ တွဲလက်များဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

မေ(အလရ)

**ရုံးခန်းတစ်ခုအတွင်း စာရွက်စာတမ်းများစွာ ပြန့်ကျဲနေသည့် စားပွဲရှေ့တွင် မြတ်နိုးတစ်ယောက် "ကလေးအလုပ်သမားပပျောက်ရေး" ခေါင်းစဉ်ဖြင့် စာတမ်းရေးသားရန် အချက်အလက်များ ရှာဖွေစုဆောင်းနေခဲ့သည်။ သို့သော် စာတမ်းကို မည်သို့စတင်ရမည် စဉ်းစားရခက်နေသဖြင့် အနီးရှိ ဆရာမဖြစ်သူ ဒေါ်သူဇာထံသို့ လှည့်ကာ အကြံတောင်းလိုက်သည်။ "ဆရာမ... သမီး ဒီခေါင်းစဉ်ကို ရေးချင်ပေမယ့် အချက်အလက်တွေကို ဘယ်လိုချိတ်ဆက်ရေးရမလဲ မသိသေးဘူး"စိတ်ရှုပ်သလို ပြောမိသည်။**



ဆရာမက လက်ထဲရှိ ဖိုင်ကိုချလိုက်ကာ "စာတမ်းကောင်းတစ်ပုဒ်ရဖို့ဆိုတာ ကိုယ်ရေးမယ့် အကြောင်းအရာကို နားလည်ဖို့ အရေးကြီးတယ်။ အရင်ဆုံး ကလေးအလုပ်သမားဆိုတာ ဘာလဲ၊ ဘာကြောင့်ဖြစ်လာရလဲဆိုတာ စဉ်းစားကြည့်" ဟု မေးခွန်းထုတ်လိုက်သည်။ မြတ်နိုးက ခဏစဉ်းစားပြီး "ဆင်းရဲမှုကြောင့် ကလေးတွေအလုပ်လုပ်ရတာမျိုးလားဆရာမ"ဟု ပြန်ဖြေလိုက်သည်။

"ဟုတ်တယ် သမီး....တကယ်တော့ ကလေးအလုပ်သမားဖြစ်ရတဲ့ အကြောင်းရင်းများစွာရှိတယ်။ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ စီးပွားရေးကဏ္ဍတစ်ခုနဲ့တစ်ခု ကွဲပြားမှုတွေရှိတဲ့အလျောက် မိသားစုဝင်ငွေ နည်းပါးမယ်၊ မိဘတွေ အလုပ်အကိုင်မတည်ငြိမ်ဖြစ်မယ်၊ ပညာရေးအခွင့်အလမ်းတွေ မလုံလောက်မှုနဲ့ ကျောင်းစရိတ် မတတ်နိုင်ခြင်းတွေဖြစ်မယ်၊ မိသားစုရဲ့ အသိပညာနည်းပါးခြင်းနဲ့ ကလေးသူငယ် အခွင့်အရေးတွေအပေါ် နားလည်မှုမရှိခြင်းတွေအပြင် သဘာဝဘေး၊ ပဋိပက္ခ၊ လူမှုစီးပွားအခက်အခဲတွေကြောင့် မိသားစုဘဝ ထိခိုက်လာတဲ့အခါ ကလေးတွေဟာ အသက်အရွယ်မတိုင်မီ အလုပ်သမားတွေဖြစ်လာကြရတယ်"

"ဆရာမ... အဲဒါဆို ကလေးအလုပ်သမားနဲ့ အလုပ်လုပ်တဲ့ကလေးကရော အတူတူပဲလားရှင့်"

"မတူဘူး......သမီး၊ "ကလေးအလုပ်သမား" ဆိုတာ ဥပဒေအရ သတ်မှတ်ထားတဲ့အသက်အရွယ်ထက် ငယ်ရွယ်ပြီး ဥပဒေအရခွင့်မပြုတဲ့ အလုပ်လုပ်ကိုင်နေရသူပေါ့၊ ထပ်ပြောရရင် ဥပဒေအရ ခွင့်ပြုပြီး အသက်ပြည့်သော်လည်း လုပ်ကိုင်ရတဲ့ လုပ်ငန်းအမျိုးအစား၊ အလုပ်ချိန်၊ အလုပ်လုပ်ကိုင်ရတဲ့ ကလေးပညာရေး၊ ကျန်းမာရေး၊ကိုယ်ကာယ ဖွံ့ဖြိုးတိုးတက်မှု၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကို ထိခိုက်စေတဲ့အလုပ်ကို လုပ်ကိုင်ရတဲ့ ကလေးဖြစ်တယ်။ "အလုပ်လုပ်တဲ့ကလေး"ဆိုတာကတော့ ကလေးသူငယ်တွေအနေနဲ့ နေအိမ်၊ မိသားစုပိုင် လယ်ယာအလုပ်ခွင်၊ မိသားစုပိုင် စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ကိုင်ပြီး အခြားဝန်မပိတဲ့ အလုပ်အကိုင်အမျိုးအစားတွေ (ကျန်းမာရေးသို့မဟုတ်ဖွံ့ဖြိုးတိုးတက်ရေးကိုထိခိုက်အန္တရာယ်ဖြစ်ဖွယ်ရာမရှိတဲ့ အလုပ်အကိုင်မျိုး) လုပ်ကိုင်တဲ့ကလေးမျိုးဖြစ်တယ်"

"ဟုတ်ကဲ့ပါ ဆရာမ၊ အဲဒါဆို အလုပ်လုပ်တဲ့ကလေး အသက်အရွယ်ကိုရော သတ်မှတ်ထားသေးလားရှင့်"

"၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေရဲ့ ပုဒ်မ ၂ (က)၊ ၂ (ခ)နဲ့ ၂(ဂ) မှာ ကလေး၊ လူရွယ်နဲ့ လူငယ်ရဲ့ အဓိပ္ပာယ်ကိုပြဋ္ဌာန်းထားပြီး ပုဒ်မ ၂(က)မှာ ကလေးဆိုတာ အလုပ်လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ဆရာဝန်က ခွင့်ပြုတဲ့ အသက်(၁၄)နှစ်ပြည့်ပြီး အသက် (၁၆) နှစ် မပြည့်သေးသူ၊ ပုဒ်မ ၂(ခ)မှာ လူရွယ်ဆိုတာ အသက် (၁၆) နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးသူ၊ ပုဒ်မ ၂(ဂ) မှာ လူငယ်ဆိုတာ "ကလေး"နှင့် "လူရွယ်" ကိုဆိုလိုကြောင်း ပြဋ္ဌာန်းထားတယ်"

"အဲဒီသတ်မှတ်အသက်ထက် ကလေးကငယ်နေမယ်ဆိုရင်ရော ဆရာမ "

"၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ မှာ အသက်တစ်ဆယ့်လေးနှစ် မပြည့်သေးတဲ့ မည်သည့်ကလေးကိုမှ အလုပ်ရုံတခုခုတွင် အလုပ်မလုပ်ရ ဒါမှမဟုတ် လုပ်ခွင့်မပြုရဆိုပြီး ပြဋ္ဌာန်းထားတယ်၊ သမီး"

"ပညာရှာရမယ့်အရွယ်မှာ သူတို့လေးတွေတစ်နေ့ ဘယ်နှနာရီလောက် အလုပ်လုပ်နေရမလဲနော်"

"အသက်အရွယ် ကန့်သတ်ချက်တွေအပြင် အလုပ်ချိန်နဲ့ပတ်သက်ပြီးတော့လည်း အလုပ်လုပ်ရန်သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန်ထောက်ခံချက်လက်မှတ်ရထားတဲ့ အသက် (၁၄) နှစ်ပြည့်ပြီး (၁၆) နှစ်မပြည့်သေးတဲ့သူတွေကို ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၇၉ မှာ တစ်နေ့ကို လေးနာရီထက် ပိုမခိုင်းဖို့နဲ့ ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း မခိုင်းဖို့ ပြဋ္ဌာန်းထားတယ်။ အလုပ်ရှင်တွေအနေနဲ့ အလှည့်ကျခိုင်းစေတဲ့အခါမှာလည်း အလှည့်မထပ်စေဖို့၊ အလှည့်နှစ်လှည့်သာ လုပ်ကိုင်စေဖို့ သိထားရမှာဖြစ်ပြီး ကလေးပါဝင်တဲ့ အလှည့်ကျလူစုကို အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရဲ့ သဘောတူညီချက်မရှိဘဲ တစ်လတစ်ကြိမ်ထက်ပို၍ မပြောင်းလဲဖို့ကိုလည်း သိထားရန် လိုအပ်တယ်"

"သဘောပေါက်ပါပြီ ဆရာမ"

"အလုပ်ချိန်နဲ့ နားချိန်ဆိုရင်လည်း စုစုပေါင်း ငါးနာရီထက် မပိုစေရန်လည်း သတ်မှတ်ထားပြီး လူကြီးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ်ရရှိပြီး ဖြစ်တဲ့ အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ်မပြည့်သေးသူအတွက် အလုပ်ချိန်ကို ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေပုဒ်မ ၆၂ အရ အလုပ်ချိန်နာရီပေါင်း ရှစ်နာရီထက်ပို၍ အလုပ်မလုပ်စေရန် (သို့မဟုတ်) လုပ်ခွင့်မပြုရန် ပြဋ္ဌာန်းထားသေးတယ်"

"အဲဒါဆို ဆရာမ၊ ကလေးနဲ့ လူကြီးအလုပ်ချိန် မတူတဲ့အတွက် ကလေးအလုပ်သမားတွေကို အလုပ်ချိန် ကျော်လွန်ခိုင်းစေခြင်းတွေမရှိဖို့ တရားဝင် အထောက်အထားရှိခြင်းက အလုပ်ရှင်နဲ့ အလုပ်သမား နှစ်ဦးလုံးအတွက် အကာအကွယ်တစ်ခု ဖြစ်နိုင်မလား ဆရာမ"

"ဟုတ်တယ် သမီး၊ အသက်အရွယ်မှန်မှန်သိမှ သင့်တော်တဲ့အလုပ်ချိန် သတ်မှတ်ပြီး ဥပဒေအတိုင်း အကာအကွယ်ပေးနိုင်မှာပေါ့။ အလုပ်လုပ်လိုတဲ့ လူငယ် (သို့) ၎င်းတို့ရဲ့မိဘ(သို့) အုပ်ထိန်းသူ (သို့) အလုပ်ခိုင်းစေလိုတဲ့ မန်နေဂျာအနေနဲ့ မှတ်ပုံတင်ဆရာဝန်ထံမှ အသက်(၁၄)နှစ်ပြည့်ပြီး အသက် (၁၆)နှစ်မပြည့်သေးသူအတွက် အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ် လိုအပ်မှာဖြစ်ပြီး အသက်(၁၆)နှစ်ပြည့်ပြီး အသက် (၁၈) နှစ်မပြည့်သေးသူအတွက် လူကြီးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ် လိုအပ်မှာဖြစ်တယ်"

"ဪ..."

"နောက်ပြီး အဲဒီလက်မှတ်ကို စက်ရုံ၊ အလုပ်ရုံ မန်နေဂျာအနေနဲ့ သိမ်းဆည်းထားရမှာဖြစ်ပြီး အလုပ်လုပ်ကိုင်လိုသူမှလည်း လက်မှတ်ကို ဆောင်ထားရန် လိုအပ်တယ်။ ထောက်ခံချက်လက်မှတ်ရဲ့ သက်တမ်းက ထုတ်ပေးတဲ့နေ့မှ ၁၂ လ အတွက်သာ ဖြစ်တာ သိထားဖို့လိုမယ်"

"ဟုတ်ကဲ့ပါ ဆရာမ၊ သမီးကြားဖူးတဲ့ ကလေးမှတ်ပုံစာအုပ်ဆိုတာကရော ဘယ်လိုမျိုးနဲ့ ဘယ်အချက်အလက်တွေ ပါဝင်တာလဲရှင့်"

"ကလေးတွေကို အလုပ်ခိုင်းစေမယ်ဆိုရင် ကလေးမှတ်ပုံစာအုပ်ထားရှိရမှာဖြစ်ပြီး ခိုင်းစေတဲ့ အလုပ်ရုံမန်နေဂျာတွေက အလုပ်လုပ်တဲ့ကလေးတိုင်းရဲ့ အမည်နဲ့ မိဘအမည်၊ ကလေးလုပ်တဲ့ အလုပ်အမျိုးအစား၊ ထိုကလေးပါဝင်တဲ့ လူစုရှိမယ်ဆိုရင် ထိုလူစုက အလှည့်ကျအလုပ်လုပ်ရင် ကလေးကို မည်သည့်အလှည့်ကျ လူစုတွင် သတ်မှတ်ချထားကြောင်းနဲ့ ကလေးအလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ်ရဲ့ အမှတ်စဉ်တွေပါဝင်ရမှာဖြစ်ပြီး ပြဋ္ဌာန်းချက်နဲ့အညီ အခြားအကြောင်းအရာတွေ ဖော်ပြထားတဲ့ အလုပ်လုပ်တဲ့ကလေးရဲ့ မှတ်ပုံစာအုပ်ကို ထားရှိရမှာဖြစ်တယ်"

"ဟုတ်ကဲ့ပါ ဆရာမ၊ အလုပ်ရှင်တွေက ကလေးမှတ်ပုံစာအုပ်ကို မဖြစ်မနေထားရှိရတဲ့ အကြောင်းကရော"

"အလုပ်လုပ်တဲ့ကလေးတွေရဲ့ အသက်၊ အလုပ်ချိန်၊ ကျန်းမာရေးနဲ့အခွင့်အရေးတွေကို စနစ်တကျ စောင့်ကြည့်ကာကွယ်နိုင်ဖို့၊ ဥပဒေနဲ့အညီ ကလေးတွေကို အလုပ်ခန့်ထားကြောင်း သက်သေပြနိုင်ဖို့နဲ့ ဥပဒေတွေကို လိုက်နာဖို့ဖြစ်တယ်။ ဒါ့အပြင် မှတ်ပုံစာအုပ်ကို အလုပ်ချိန်အတွင်း စစ်ဆေးရေးအရာရှိက အချိန်မရွေးကြည့်ရှုနိုင်ဖို့ ထားရှိရမယ်။ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက အလုပ်လုပ်တဲ့ကလေး မှတ်ပုံစာအုပ်ပုံစံ၊ ထိုမှတ်ပုံစာအုပ်ကို ထားရှိရမယ့်နည်းလမ်း၊ မပျက်စီးအောင် ထိန်းသိမ်းထားရမယ့် ကာလအပိုင်းအခြားကိုလည်း သတ်မှတ်နိုင်တယ်"

"ဟုတ်ကဲ့ပါ"

"ကလေးတွေအတွက် မှတ်ပုံစာအုပ်ထားရှိခြင်း အပြင် အလုပ်ချိန်နဲ့ပတ်သတ်ပြီး သတ်မှတ်လုပ်ချိန် ကာလအပိုင်းအခြားနို့တစ်စာကိုလည်း စနစ်တကျ အများမြင်သာတဲ့နေရာမှာ ကပ်ထားဖို့လိုမယ်။ အဲဒီလို ကပ်ထားခြင်းက အလုပ်လုပ်တဲ့ ကလေးရော လူကြီးအလုပ်သမားပါ သူတို့အလုပ်ချိန်ကို ရှင်းရှင်းလင်းလင်းသိရှိပြီး အနားယူချိန်ကို မှန်ကန်စွာ ရရှိနိုင်တယ်။ အလုပ်ရှင်နဲ့ အလုပ်သမားအကြားလည်း နားလည်မှုကောင်းမွန်ပြီး အလုပ်သမားဥပဒေကိုလည်း လိုက်နာပြီးသားဖြစ်တာပေါ့"

"ကလေးတစ်ယောက်ကို ဥပဒေနဲ့မညီဘဲ ကလေးအလုပ်သမားအဖြစ် ခိုင်းစေမိရင်တော့ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၈၅ အရ (၃) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမှာဖြစ်တယ်။ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ ပုဒ်မ ၂၇ အရလည်း (၆)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံးကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမှာဖြစ်တယ်"

"ဆရာမ အခုရှင်းပြသွားတာ သမီးအတွက် တော်တော်လေး အထောက်အကူဖြစ်ပါတယ်ဆရာမ"

"အေးပါ သမီး၊ ကလေးအလုပ်သမား ပပျောက်ရေးအတွက် ဥပဒေနဲ့ကာကွယ်ပေးတာတွေအပြင် ကော်မတီတွေ ဖွဲ့စည်းပြီး ကာကွယ်စောင့်ရှောက်ပေးနေတာတွေလည်းရှိတယ်။ အဲဒါတွေကတော့ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့တာဖြစ်ပြီး အမျိုးသားကော်မတီအောက်မှာ လုပ်ငန်းကော်မတီ (၈)ရပ် ဖွဲ့စည်းထားတယ်။ *စာမျက်နှာ ၇ သို့*

**" လူတိုင်းမှာ တာဝန်ရှိတယ်။ အရေးကြီးဆုံးက မိဘတွေအနေနဲ့ ကလေးတွေရဲ့ ပညာသင်ယူခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်တွေကို အလေးထားအားပေးရမှာဖြစ်သလို အလုပ်ရှင်တွေအနေနဲ့ကလည်း ကလေးတွေကို အလုပ်ပေးပြီး ခေါင်းပုံဖြတ်အသုံးချခြင်းတွေမှ ရှောင်ကြဉ်ရမှာဖြစ်တယ်။ ဒါ့အပြင် လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပြည်သူလူထုတစ်ရပ်လုံးက ကလေးအခွင့်အရေးတွေကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန်လည်း လိုအပ်တယ်။ ပြောရရင် လူတိုင်းက ကိုယ်စီတာဝန်သိစိတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြမှသာ ကလေးအလုပ်သမားပြဿနာကို ထိရောက်စွာ လျှော့ချနိုင်ပြီး ကလေးတိုင်း လုံခြုံပျော်ရွှင်စွာ ပညာသင်ယူနိုင်မယ့် အနာဂတ်ကို ဖန်တီးနိုင်မှာသမီး။ ဒါပေမယ့် ကိုယ်တိုင်လည်း ဒီပြဿနာကို အရေးတယူစဉ်းစားပြီး တတ်နိုင်သမျှ ကူညီဆောင်ရွက်ဖို့လို "**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အစိုးရ နည်းပညာကောလိပ်(တောင်ဒဂုံ)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။



ထို့နောက် ဘော်လီဘော သင်တန်းဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူ ကျောင်းသား ကျောင်းသူ ၉၀၀ တို့ကို အားကစားအထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ခရိုင်အလိုက် ဆုရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးများက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ထို့နောက် အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗိုလ်တထောင်ခရိုင်အသင်းနှင့် အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောက်တံတားခရိုင်အသင်းတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒွဲထက်ကို(ပြန်/ဆက်)

# ဟားခါးမြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဟားခါး ဇွန် ၁၃**

၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဝင်း၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ ပျိုးပင်များကို စိုက်ပျိုးပေးကာ တက်ရောက်လာသူများက တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**၅၄၅ ပင် စိုက်ပျိုး**

ချင်းပြည်နယ် သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ်အတွင်း ဟားခါးမြို့နယ်နှင့် တီးတိန်မြို့နယ်တို့၌ ပျိုးပင်မျိုးစုံ ၇၂,၀၀၀ ပျိုးထောင်ထားရှိပြီး ပြည်သူများထံသို့ ဖြန့်ဝေစိုက်ပျိုးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကာ ယနေ့ သစ်ပင်စိုက်ပွဲတွင် ချယ်ရီပင်၊ စိန်ပန်းပြာပင်၊ ရေသင်းဝင်ပင်၊ ငုပင်၊ တောင်ဇလပ်ပင်၊ ယူကလစ်စသည့် ပျိုးပင်ပေါင်း ၅၄၅ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

လုပ်ငန်းကော်မတီအလိုက် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်) ပါ အညွှန်းကိန်းတွေကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်တယ်”

“မှတ်ထားပါ့မယ် ဆရာမ၊ ဒီအချက်တွေကို စာတမ်းထဲ သေချာထည့်ရေးလိုက်ပါ့မယ်။”

“ကောင်းပါတယ်။ စာတမ်းရေးတဲ့အခါ ကလေးတွေရဲ့ အခွင့်အရေးနဲ့အနာဂတ်ကိုပါ ထည့်စဉ်းစားရေးနော် သမီး”

“ဟုတ်ကဲ့ပါ ဆရာမ၊ ဒီစာတမ်းဆွေးနွေးရင်း ကလေးအလုပ်သမားပြဿနာက ကလေးတစ်ယောက်ချင်းစီရဲ့ ဘဝကိုသာမက နိုင်ငံရဲ့အနာဂတ်ကိုပါ ထိခိုက်စေတယ်ဆိုတာ ပိုနားလည် လာပါတယ်ရှင့်”

“ဟုတ်တာပေါ့၊ ကလေးတွေဟာ အနာဂတ်ရဲ့ ခေါင်းဆောင်တွေ၊ နိုင်ငံရဲ့ အားအင်တွေ ဖြစ်ကြတယ်။ သူတို့လေးတွေ အချိန်မတန်ဘဲ လုပ်ငန်းခွင်မှာ ရောက်နေရမယ့်အစား စာသင်ခန်းထဲမှာ ပညာသင်ယူနေရမှာ သမီး”

“ကလေးအလုပ်သမား ပပျောက်ဖို့ဆိုတာ အစိုးရတစ်ရပ်တည်းရဲ့ တာဝန်မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမယ့် တာဝန်ရှိတာပေါ့နော် ဆရာမ”

“ဟုတ်တယ် သမီး…လူတိုင်းမှာ တာဝန်ရှိတယ်။ အရေးကြီးဆုံးက မိဘတွေအနေနဲ့ ကလေးတွေရဲ့ ပညာသင်ယူခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်တွေကို အလေးထားအားပေးရမှာဖြစ်သလို အလုပ်ရှင်တွေအနေနဲ့ကလည်း ကလေးတွေကို အလုပ်ပေးပြီး ခေါင်းပုံဖြတ်အသုံးချခြင်းတွေမှ ရှောင်ကြဉ်ရမှာ ဖြစ်တယ်။ ဒါ့အပြင် လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပြည်သူလူထုတစ်ရပ်လုံးက ကလေးအခွင့်အရေးတွေကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန်လည်း လိုအပ်တယ်။ ပြောရရင် လူတိုင်းက ကိုယ်စီတာဝန်သိစိတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြမှသာ ကလေးအလုပ်သမားပြဿနာကို ထိရောက်စွာ လျှော့ချနိုင်ပြီး ကလေးတိုင်း လုံခြုံပျော်ရွှင်စွာ ပညာသင်ယူနိုင်မယ့် အနာဂတ်ကို ဖန်တီးနိုင်မှာ သမီး။ ဒါပေမယ့် ကိုယ်တိုင်လည်း ဒီပြဿနာကို အရေးတယူစဉ်းစားပြီး တတ်နိုင်သမျှ ကူညီဆောင်ရွက်ဖို့ လိုတာပဲ”

“ဒီနေ့ ဆွေးနွေးမှုကနေ ကလေးတိုင်း စာသင်ခွင့်ရဖို့၊ သူတို့ရဲ့ အိပ်မက်တွေ မပျောက်သွားဖို့ဆိုတာ ကိုယ်တွေလည်း ဝိုင်းဝန်းကာကွယ်ပေးသင့်တယ်ဆိုတာ ပိုပြီးသဘောပေါက်လာပါတယ် ဆရာမ”

“ဟုတ်တယ်… ကလေးတစ်ယောက်ရဲ့ အနာဂတ်ကို ကာကွယ်ပေးနိုင်ခြင်းက လူ့အဖွဲ့အစည်း တစ်ခုလုံးရဲ့ အနာဂတ်ကို ကာကွယ်ပေးတာနဲ့ အတူတူပဲ။ ဒါကြောင့် ကလေးအလုပ်သမားပြဿနာကို လူတိုင်းက အရေးတယူသဘောထားပြီး ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှသာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခုကို ဖန်တီးနိုင်မှာပေါ့ကွယ်။ အဲဒီ အသိပညာတွေ စာတမ်းထဲ ထည့်သွင်းရေးသားပြီး အခြားသူတွေကိုလည်း မျှဝေပေးနိုင်ရင် ပိုကောင်းတာပေါ့။ ကဲ…… ကလေးအလုပ်သမား ပပျောက်ရေးဟာ ကလေးတွေအနာဂတ်အတွက် အရေးကြီးတဲ့ အကြောင်းအရာဖြစ်လို့ နောက်တစ်ခါ အချိန်ရရင်လည်း ဆက်ဆွေးနွေးကြတာပေါ့”။ ။

## သစ်ပင်စိုက်ပွဲတော်

✻ အနောက်တောင်က မိုးသားမြူး
မှတ်သုံ လေချိုဖြူး။

✻ ဝသန်ဦးမှာ ပျော်စရာ
ရွှေမိုး ငွေမိုးရွာ။
ရွှေမိုးရွာလို့ စည်သာဖွေး
ငွေမိုးရွာလို့ ပြည်ရွာမွှေး
စိမ်းလန်း စိုပြည်အေး။

✻ စိုပြည်အေးလို့ စိမ်းလန်းနေ
ငါတို့ မြန်မာ့မြေ။
စည်ဖြာဝေဖို့ တို့ကြိုးစား
ကြည်သာစေဖို့ တို့နိုးကြား
စိုက်စို့ ပျိုးစို့လား။

✻ ပျော်ပျော်ပါးပါး အားသစ်လွင်
လယ်ယာ လုပ်ငန်းခွင်။
သီးနှံပင်တို့ မြေဆီကျွေး
ကြီးသန်ရှင်ဖို့ ရေကြည်ပေး
အထွက် တိုးတယ်လေး။

✻ အထွက်တိုးရေး အခြေခံ
ရာသီဥတုမှန်။
မှန်လေးမှန်နဲ့ ပြုစုပေး
ကြံတွေးဉာဏ်ချဲ့ ဥတုမရွေး
မိုးမှန် လေမှန်ရေး။

✻ မိုးပေးလေပေး မှန်ဖို့ရာ
အသိဉာဏ်ဖွင့်ပါ။
လေပြည်ဖြူးကာ စိမ်းလန်းလို့
ဝေစည်မြူးကာ ငြိမ်းချမ်းဖို့
သစ်ပင် စိုက်ကြစို့။

✻ မောင်တို့မယ်တို့ တို့တစ်တွေ
သစ်ပင်စိုက်စို့လေ။
ရေရှည်မျှော်ပြီး အောင်ခရီး
ရွှေပြည်တော်ကြီး အောင်စည်တီး
သစ်ပင်စိုက်ပွဲကြီး။ ။

ရေနံ့သာမောင်ကျော်ညွန့်



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မကွေး ဇွန် ၁၃**

၂၀၂၆ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မကွေးတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ နယ်မြေခံ တပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်း/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီး ရေးရာနှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့ များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များက သစ်ပင်များ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရ သည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



## မြိုင်ကလေး အမှတ်(၂)ဘိလပ်မြေစက်ရုံ တန် ၄၀၀၀ ၌ မိုးရာသီ သစ်ပင်စိုက်ပွဲဖြင့် ကြီးမြန်သစ်မျိုး ၁၂၀၀ စိုက်ပျိုး

**ဘားအံ ဇွန် ၁၃**

ကရင်ပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် ယခု နှစ်မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးရန်အတွက် ကျွန်းနှင့် သစ်မာမျိုးစုံ အပင် ၂၁၅၀၀၀ ကို ပျိုးထောင်ထားရှိပြီး ယနေ့နံနက်ပိုင်းက မိုးရာသီ သစ်ပင်စိုက်ပွဲအနေဖြင့် ဘားအံမြို့နယ် မြိုင်ကလေး အမှတ်(၂) ဘိလပ်မြေ စက်ရုံ တန် ၄၀၀၀ ၌ ကြီးမြန်သစ်မျိုးအပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၂)ဘိလပ် မြေစက်ရုံ တန် ၄၀၀၀ စက်ရုံမှူးထံ ပျိုးပင်များ ပေးအပ် ပြီး တက်ရောက်လာသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အမှတ်(၁) နှင့် အမှတ်(၂) ဘိလပ်မြေစက်ရုံမှ ဝန်ထမ်းများ၊ မြိုင်ကလေးတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုဝင် များ၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရှင်သန်ကြီးထွား ရန် အကောင်းဆုံးအရွယ်ရှိသော ကြီးမြန်သစ်မျိုး များဖြစ်သည့် မအူ၊ ပျဉ်းမ၊ မန်ကျည်းရှား စုစုပေါင်းအပင် ၁၂၀၀ ကို စိုက်ပျိုးကြပြီး သစ်ပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။**

## မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့၌ ၂၀၂၆ ခုနှစ် ပြည်နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပ

**မြစ်ကြီးနား ဇွန် ၁၃**

၂၀၂၆ ခုနှစ် မိုးရာသီ (ပြည်နယ်အဆင့်) သစ်ပင်စိုက်ပျိုးပွဲတော်ကို ကချင်ပြည်နယ် မြစ်ကြီးနား တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးသိန်းထွန်းအေး၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ ဦးဆောင်သည့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်စာရင်းစစ် ချုပ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက် ကြသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ပြည် နယ်တရားလွှတ်တော် တရား သူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ က စိုက်ပျိုးမည့်ပျိုးပင်များ အား ဖြန့်ဝေပေးအပ်ကြပြီး ဘောလုံးကွင်းဘေး ကွင်းပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ဌာန ဆိုင်ရာများ၊ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ ချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် ကျောင်းသား ကျောင်းသူများ၊ စီတာပူ ရပ်ကွက်နေပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးကြီးကြပ်မှုစောင့်ရှောက် ရေးအဖွဲ့ဝင်များ၊ အရပ်ဘက်လူမှု ကူညီရေး အသင်းအဖွဲ့များက ပျဉ်းကတိုး၊ ရေပိတောက်၊ ကံ့ကော်၊ စိန်ပန်း၊ မန်ကျည်းရှား စသည့်သစ်ငါးမျိုး ပျိုးပင်စုစု ပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုး ကြသည်။

ယင်းနောက် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု အတွင်းရှိ ရွှေမိုးတောင်ပေါ်တွင် ကိန်းဝပ် စံပယ်တော်မူသည့် ရဟန္တာ တစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်ကြီး ပရိဝုဏ်၌ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့က ဦးဆောင်ကျင်းပ သော မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို ဆက်လက် ကျင်းပရာ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဘုရားတောင် ကုန်းတွင် စိုက်ပျိုးသွားမည့်ပျိုးပင် များအား ဖြန့်ဝေပေးအပ်ပြီး စင်ကာပူချယ်ရီပင် ၁၆၀၊ သရက္ခန် ပင် ၈၀၊ ရေပိတောက်ပင် ၈၀၊ သစ်အယ်ပင် ၈၀၊ ကျောက်ခက် ၅၂ ပင်တို့ဖြင့် ပျိုးပင်စုစုပေါင်း ၄၅၂ ပင်ကို စုပေါင်းစိုက်ပျိုးပေးကြ သည်။

**ပြည်နယ်(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**သုံးခွ ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၄/၅၊ ၄/၆)တွင် ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းကပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်မြတ်စု၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက မန်ကျည်းရှား၊ မဟော်ဂနီ၊ မာလာလူးကား၊ ပျဉ်းကတိုး၊ ခရေ၊ ပိတောက် စုစုပေါင်းပျိုးပင် ၈၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ကိုကျော်(သုံးခွ)**



## တံတားဦးမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တံတားဦး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး တံတားဦး မြို့နယ်၌ ယမန်နေ့က တံတားဦး မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဒုတိယမြို့နယ်မန်နေဂျာ ဦးဆောင် ပြီး လိုင်းဝန်ထမ်းများသည် 33kV ဘဲလင်း-စဉ့်ကိုင်-တံတားဦးလိုင်း ရှိ 12M ကွန်ကရစ်တိုင်များနှင့် 33/11 kV (10+10) MVA တံတားဦး ခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထား သော 11kV အိမ်မြင့်စံဓာတ်အား လိုင်းတို့ရှိ 10 M ကွန်ကရစ်တိုင် များ ပြန်လည်တည့်မတ်ခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက် မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုမရှိစေရေး၊ ဓာတ် အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်း လုပ်ငန်းများကို အဖွဲ့ငယ်များဖွဲ့စည်း၍ ပြုပြင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။



**ရဲတင့်(ပြန်/ဆက်)**

## ပြည်မြို့နယ်၌ ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုး

**ပြည် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အောင်တော်မူ (ဒွေး) ကျောင်း၌ ခရိုင်အဆင့်ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ပိုင်းက ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့ မှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်မြို့နယ် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်မြို့နယ်သစ်တော ဦးစီးဌာနမှူးနှင့် ပြည်သူ စုစုပေါင်း ၃၅၇ ဦးဖြင့် စုစုပေါင်း ပျိုးပင် ၁၁၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ ကြောင်း သိရသည်။



**ဝဏ္ဏထွန်း(ပြန်/ဆက်)**




## မော်လမြိုင်မြို့၌ မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မော်လမြိုင် ဇွန် ၁၃**

၂၀၂၆ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တက္ကသိုလ်(၁၀) မြို့နယ်ဆောင်အဝင်လမ်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်/ဒီဂရီကောလိပ်၊ သူနာပြု/သားဖွားသင်တန်းကျောင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ တပျော်တပါး စုပေါင်း၍ သစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## လှိုင်ကော်မြို့၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လှိုင်ကော် ဇွန် ၁၃**

ကယားပြည်နယ် ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ကန္တရဝတီဂေါက်ကွင်းအတွင်း၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးကြပြီး ဌာနဆိုင်ရာများနှင့် ပြည်သူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ထေးငှားလျားရပ်ကွက်သို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် နေရပ်ပြန်ပြည်သူများနှင့် သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး နေရပ်ပြန်မိသားစု ၄၂ စုအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း၊ ကန္တရဝတီဘုန်းတော်ကြီးကျောင်း၌ ယာယီနေထိုင်၍ ကျောင်းတက်ရောက်လျက်ရှိသည့် ဒေါတချား(ကယား)နှင့် ဒေါတချား(ပအိုဝ်း) ကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံကာ ဆန်၊ ဆီနှင့် စားသောက်စရိတ်များကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**ဥတုရာသီ တောကိုမှီ၏။**

## ဟုမ္မလင်းမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ဟုမ္မလင်း ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဟုမ္မလင်းမြို့ ဥရုဂေါက်ကွင်းမြေကွက်လပ်၌ ယနေ့ကျင်းပသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ ဟုမ္မလင်းလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် မြတ်မင်းသန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဟိုပုံးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးနေမှု ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ကြည့်ရှုအားပေး



**ဟိုပုံး ဇွန် ၁၃**

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်သည် ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်သည်။

ယနေ့တွင် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## လယ်ဝေးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လယ်ဝေးမြို့နယ်အတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးရန် ပျိုးထောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အမှတ်(၃) ရပ်ကွက် ပေတောကုန်းလမ်းဘေး အုတ်ရေမြောင်းကို ရေစီးရေလာကောင်းမွန်ရေး၊ နုန်းနှင့် အမှိုက်များ ဆယ်ယူခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုပြီး လယ်ဝေးမြို့ အမှတ်(၄၇)စက်မှုလယ်ယာစခန်းတွင် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးရန် ဆင်းသုခမျိုးစပါးများ ပျိုးထောင်နေမှုကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် လယ်ဝေးမြို့အဝင် သုခမ လမ်းဘေးဝဲယာတွင် မြက်ဖြတ်စက်ဖြင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

## သာယာဝတီ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်ပတ်လည်အထိမ်းအမှတ် စုပေါင်းသွေးလှူ

**သာယာဝတီ ဇွန် ၁၃**

ဇွန် ၁၅ ရက်တွင်ကျရောက်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အကြိုစုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့က သာယာဝတီခရိုင်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀ ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးသက်ခိုင်က အမှာစကား ပြောကြားပြီး သွေးလှူဒါန်းကြသူများအား ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစုလှိုင်ထွေးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့နယ်များမှ ဝန်ထမ်းသွေးလှူရှင် ၁၆ ဦး လှူဒါန်းခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)





## တောင်ငူပညာရေးဒီဂရီကောလိပ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တောင်ငူ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေး ဒီဂရီကောလိပ်၌ ခရိုင်အဆင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပိတောက်၊ ပျဉ်းမ၊ ရေတမာ၊ စိန်ပန်း၊ ကံ့ကော် စုစုပေါင်းပျိုးပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

ဇော်ကိုကို(တောင်ငူ)

# အိန္ဒိယနိုင်ငံ၏ အမျိုးသားလူငယ်မူဝါဒနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများ (၁)

မောင်လူအေး(လူငယ်ရေးရာ)

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လူငယ်ဦးရေ အများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြား လူငယ်ဦးရေမှာ သန်း ၄၀၀ ခန့်ရှိသည့်အတွက် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ကဏ္ဍကို အဓိကမောင်းနှင်အားအဖြစ် သတ်မှတ်၍ အပြုသဘောဆောင်သော မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အိန္ဒိယအစိုးရသည် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် လူငယ်အင်အားများပြားနေခြင်းအပေါ် လူဦးရေဆိုင်ရာ ဆုလာဘ် (Demographic Dividend)ကို ရယူရန် အခြေအနေကောင်းသို့ ရောက်ရှိနေကြောင်း လက်ခံထားပြီး ယင်းအခြေအနေသည် အိန္ဒိယနိုင်ငံအတွက် ကမ္ဘာကို ဦးဆောင်ရန် အခွင့်အလမ်းတစ်ရပ်အဖြစ် သတ်မှတ်ထားပါသည်။ အိန္ဒိယနိုင်ငံ၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်က ခေတ်မီ၍ စည်းလုံးညီညွတ်ပြီး ကိုယ့်အားကိုယ်ကိုးနိုင်သော နိုင်ငံအဖြစ် အသွင်ပြောင်းလဲရန် ရည်ရွယ်ထားခြင်းဖြစ်ရာ လူငယ်များ၏ စွမ်းရည်နှင့် အလားအလာကို မြှင့်တင်ပေးခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို တစ်ပါတည်း ဖော်ဆောင်နေခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာရန်နှင့် နိုင်ငံလွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း ၁၀၀ ပြည့်မည့် ၂၀၄၇ ခုနှစ်တွင် ဖွံ့ဖြိုးပြီးအိန္ဒိယ (Viksit Bharat) ဖြစ်လာရန် ရည်မှန်းထားရှိရာ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။

လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနသည် မိတ်ဖက်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လူငယ်များ၏ အလားအလာနှင့် စွမ်းအားများကို အပြည့်အဝ အသုံးချနိုင်ရန်အတွက် မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ ပါဝင်သော ဘက်ပေါင်းစုံချဉ်းကပ်မှုနည်းဗျူဟာကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ စေတနာ့ဝန်ထမ်းလုပ်ငန်းအစီအစဉ်၊ ခေါင်းဆောင်မှုလေ့ကျင့်ရေးနှင့် လူမှုရေးဆိုင်ရာပေါင်းစည်းပါဝင်မှုတို့ကို အဓိကထားသည့် အစီအစဉ်များဖြစ်သည့် Skill India Mission၊ Startup India Scheme၊ Nehru Yuva Kendra Sangathan (NYKS)၊ Rajiv Gandhi National Institute of Youth Development (RGNIYD)၊ Youth Resource Center(YRC)၊National Service Scheme(NSS) စသည့် လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**အမျိုးသားလူငယ်မူဝါဒ**

အိန္ဒိယနိုင်ငံသည် လူငယ်များ၏စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ၎င်းတို့၏ အလားအလာများကို အပြည့်အဝဖော်ထုတ်ပေးနိုင်ရန် အမျိုးသားလူငယ်မူဝါဒ (National Youth Policy) ကို စနစ်တကျ ရေးဆွဲထားရှိပါသည်။ ယင်းမူဝါဒသည် ပညာရေး၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်အလုပ်အကိုင်ရရှိရေး၊ ကျန်းမာရေးနှင့် လူမှုဘဝစောင့်ရှောက်မှု စသည့်အဓိကကဏ္ဍများကို ဦးတည်ချက်ထားရှိကာ ဆောင်ရွက်လျက်ရှိပါသည်။ အိန္ဒိယအစိုးရသည် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးအကျုံးဝင်သည့် အမျိုးသားလူငယ်မူဝါဒအဆင့်ဆင့်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့စေရန် အမျိုးသားဝန်ဆောင်မှုအစီအစဉ် (National Service Scheme–NSS)ကဲ့သို့သော အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားလူငယ်မူဝါဒ(၂၀၁၄)သည် လူငယ်များ၏ အလားအလာများကို အပြည့်အဝ အသုံးချနိုင်ရန်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်စေရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ အမျိုးသားလူငယ်မူဝါဒ(၂၀၂၁)မူကြမ်းတွင် လူငယ်များ၏ စွမ်းပကား အပြည့်အဝရောက်ရှိစေရန်နှင့် ၎င်းလူငယ်များမှတစ်ဆင့် အိန္ဒိယနိုင်ငံအား ကမ္ဘာ့အသိုက်အဝန်းတွင် သင့်တင့်လျောက်ပတ်သည့်နေရာတစ်ခုရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဖော်ပြထားပါသည်။

> **“ အိန္ဒိယနိုင်ငံသည် လူငယ်များ၏စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ၎င်းတို့၏ အလားအလာများကို အပြည့်အဝဖော်ထုတ်ပေးနိုင်ရန် အမျိုးသားလူငယ်မူဝါဒ (National Youth Policy) ကို စနစ်တကျရေးဆွဲထားရှိပါသည်။ ယင်းမူဝါဒသည် ပညာရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်အလုပ်အကိုင်ရရှိရေး၊ ကျန်းမာရေးနှင့် လူမှုဘဝစောင့်ရှောက်မှု စသည့်အဓိကကဏ္ဍများကို ဦးတည်ချက်ထားရှိကာ ဆောင်ရွက်လျက်ရှိ ”**

အမျိုးသားလူငယ်မူဝါဒ(၂၀၁၄)တွင် ရည်မှန်းချက်(၅)ရပ်၊ ဦးစားပေးနယ်ပယ် ၁၁ ခုနှင့် ယင်းနယ်ပယ်များအလိုက် မူဝါဒဆိုင်ရာ ဆောင်ရွက်ရမည့် အချက်များ ပါဝင်ပါသည်။ အမျိုးသားလူငယ်မူဝါဒ (၂၀၁၄)၏ ရည်မှန်းချက် (၅)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) ထုတ်လုပ်မှုစွမ်းရည်မြင့်မားသော လုပ်သားအင်အားစု ဖွဲ့စည်းခြင်း၊
(ခ) အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သည့် ကျန်းမာသန်စွမ်းသော မျိုးဆက်သစ်များ ဖွံ့ဖြိုးစေခြင်း၊
(ဂ) လူမှုတန်ဖိုးများ ထည့်သွင်းပေးခြင်းနှင့် ပြည်သူ့ဝန်ထမ်းစိတ်ဓာတ်မြှင့်တင်ခြင်း၊
(ဃ) အုပ်ချုပ်ရေးအဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်မှုနှင့် ပြည်သူ့အရေးကိစ္စများတွင် စွမ်းဆောင်မှုမြှင့်တင်ခြင်း၊
(င) အန္တရာယ်နှင့်ရင်ဆိုင်နေရသော လူငယ်များအား ပံ့ပိုးကူညီခြင်းနှင့် မညီမျှမှုခံစားနေရသည့် လူငယ်အုပ်စုများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

အမျိုးသားလူငယ်မူဝါဒ(၂၀၁၄)သည် လူငယ်များအား ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် လူမှုရေးဆိုင်ရာ တာဝန်ယူမှု စသည့်ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။ အမျိုးသားလူငယ်မူဝါဒ(၂၀၁၄)၏ အဓိက ဦးစားပေးနယ်ပယ် (၁၁)ရပ်မှာ–

(က) ပညာရေး(အရည်အသွေးပြည့်ဝသော၊လူတိုင်းလက်လှမ်းမီသော ပညာရေးရရှိစေရန်)၊
(ခ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် (အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရန်နှင့် လုပ်ငန်းခွင်နှင့်ကိုက်ညီသော ကျွမ်းကျင်မှုများကို သင်ကြားပေးရန်)၊
(ဂ) ကျန်းမာရေးနှင့် ကျန်းမာသော လူနေမှုပုံစံ (ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို တိုးမြှင့်ပေးရန်)၊
(ဃ) အားကစား (အားကစားကို အားပေးမြှင့်တင်ရန်နှင့် အားကစားသမားကောင်းများ မွေးထုတ်ပေးရန်)၊
(င) လူမှုရေး တန်ဖိုးများမြှင့်တင်ခြင်း (နိုင်ငံသားကောင်းစိတ်ဓာတ်၊ ညီညွတ်မှုနှင့် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်တို့ကို ပျိုးထောင်ပေးရန်)၊
(စ) ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှု (လူငယ်များ ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်စေရန်)၊
(ဆ) နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် ပါဝင်မှု (ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် လူငယ်များ၏ အသံကို ပါဝင်စေရန်)၊
(ဇ) လူငယ်များပူးပေါင်းပါဝင်စေမှု (လူငယ်များ၏ အတွေးအခေါ်နှင့် အကြံဉာဏ်များကို အသုံးပြုရန်)၊
(ဈ) လူမှုအဖွဲ့အစည်းများတွင် ပေါင်းစည်းပါဝင်မှု (စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအရ နောက်ကျကျန်ရစ်နေသူများ၊ မသန်စွမ်းသူများနှင့် ပဋိပက္ခဒေသများမှ လူငယ်များအား အခွင့်အလမ်းများပေးနိုင်ရန်)၊
(ည) လူမှုတရားမျှတမှု (လူငယ်များအား မမျှတမှုများမှ ကာကွယ်ပေးပြီး တရားမျှတမှု ရရှိစေရန်)။

အမျိုးသားလူငယ်မူဝါဒ(၂၀၁၄)အရ လူငယ်တစ်ဦးချင်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေသည်ဟူသော အယူအဆပေါ်တွင် အခြေခံထားခြင်းဖြစ်ပြီး အိန္ဒိယအစိုးရအနေဖြင့် လူငယ်များ၏ စွမ်းရည်အပြည့်အဝဖွံ့ဖြိုးစေရန် ပြုစုပျိုးထောင်ပေးခြင်းကို ရေရှည်လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် များပြားလှသော အစီအစဉ်များမှတစ်ဆင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။

အမျိုးသားလူငယ်မူဝါဒ(၂၀၂၁)သည် ၂၀၃၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံရောက်ရှိရန် ရည်မှန်းထားသည့် ၁၀ နှစ်တာ လူငယ်ဖွံ့ဖြိုးရေး မျှော်မှန်းချက်များကို ဖော်ပြထားပါသည်။ ဤမူဝါဒသည် လူငယ်အားလုံးအား အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများနှင့် ဘဝတွက်တာကျွမ်းကျင်မှုများကို သင်ကြားပေးသည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် မျှော်မှန်းထားရှိပါသည်။

ထို့ပြင် ကျေးလက်ဒေသစီးပွားရေးကို ပြန်လည်ရှင်သန်စေရန်နှင့် ကျေးလက်ဒေသတွင် နေထိုင်သောလူငယ်များကို အားပေးမည့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို လူငယ်များရရှိစေရန်၊ ဒေသအလိုက် အကောင်အထည်ဖော်မည့် နည်းဗျူဟာများမှတစ်ဆင့် အလုပ်အကိုင်များ ဖန်တီးပေးရန်၊ စွန့်ဦးတီထွင်မှုနှင့် လူမှုရေးဆိုင်ရာ စွန့်ဦးတီထွင်မှုများကို အားပေးမြှင့်တင်ရန်၊ Informal စီးပွားရေးနှင့် Gig စီးပွားရေးကို ပံ့ပိုးကူညီရန် ဖော်ပြပါရှိပါသည်။

Informal စီးပွားရေးဆိုသည်မှာ နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်းများနှင့် အခွန်စနစ်များ၏ ပြင်ပတွင် လုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်များကို ဆိုလိုပါသည်။ ၎င်းစီးပွားရေးပုံစံတွင် ဈေးသည်များ၊ လမ်းဘေးအရောင်းဆိုင်များ၊ အိမ်အကူများ၊ လယ်သမားများနှင့် ပစ္စည်းသယ်ယူပို့ဆောင်သူများ စသည်တို့ပါဝင်ကြပါသည်။ Gig စီးပွားရေးဆိုသည်မှာ ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အသုံးပြု၍ ယာယီ/အချိန်ပိုင်းအလုပ်များကို လုပ်ကိုင်ကြသော နည်းပညာကို အခြေခံသည့် ခေတ်သစ် စီးပွားရေးပုံစံဖြစ်ပါသည်။

ထိုစီးပွားရေးပုံစံ၏ လက္ခဏာရပ်များမှာ ပရောဂျက်အလိုက် ယာယီအလုပ်များ၊ ဒီဂျစ်တယ် ပလက်ဖောင်းများမှတစ်ဆင့် အလုပ်ရှင်နှင့်အလုပ်သမား ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာ အလုပ်အကိုင်ရွေးချယ်ခွင့်ရှိသော်လည်း ဝင်ငွေနှင့် အလုပ်အကိုင် တည်ငြိမ်မှုမရှိခြင်းတို့ ဖြစ်သည်။ စားသောက်ကုန် ပို့ဆောင်သူများ(Food Panda၊ Grab)၊ အွန်လိုင်း ဒီဇိုင်နာများ၊ Freelance စာရေးဆရာများသည် Gig စီးပွားရေးပုံစံထဲတွင် ပါဝင်ပါသည်။

အမျိုးသားလူငယ်မူဝါဒ(၂၀၁၄)နှင့် (၂၀၂၁)တို့တွင် ဦးစားပေးကူညီထောက်ပံ့ပေးရမည့် လူငယ်အုပ်စုငါးစုအား သတ်မှတ်ပေးထားပြီး ၎င်းတို့မှာ ကျေးလက်နှင့် တိုင်းရင်းသားလူငယ်များ၊ ကျောင်းမနေသောလူငယ်များ၊ ဆယ်ကျော်သက်များ (အထူးသဖြင့် မိန်းကလေး ဆယ်ကျော်သက်များ)၊ မသန်စွမ်းလူငယ်များနှင့် အထူးခက်ခဲသောအခြေအနေရှိ လူငယ်များ (လူကုန်ကူးခံရသူများ၊ မိဘမဲ့များနှင့် လမ်းပေါ်နေလူငယ်များ) ဖြစ်ကြပါသည်။

သို့ဖြစ်ရာ အိန္ဒိယအစိုးရ၏ အမျိုးသားလူငယ်မူဝါဒ(၂၀၂၁)သည် ၎င်းတို့ရရှိထားသည့် လူဦးရေဆိုင်ရာ ဆုလာဘ်အား စနစ်တကျအသုံးချပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော လူငယ်များဖြစ်လာစေရေး စနစ်တကျပြုစုပျိုးထောင်ပေးမည့် စီမံကိန်းတစ်ရပ်ပင်ဖြစ်ပါသည်။ အမျိုးသားလူငယ်မူဝါဒကို အကောင်အထည်ဖော်ရန် လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနက အဓိကတာဝန်ယူပြီး အခြားသက်ဆိုင်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဘဏ္ဍာငွေသုံးစွဲမှုနှင့် ပတ်သက်၍ ထူးခြားချက်မှာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအောက်ရှိ ဝန်ကြီးဌာနများအားလုံး (အထူးသဖြင့် လူမှုရေးကဏ္ဍ)သည် လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် ၎င်းတို့၏ ဘတ်ဂျက်အသုံးစရိတ်တွင် သီးသန့်ငွေစာရင်းများ သတ်မှတ်ပြီး ဆောင်ရွက်နိုင်ကြောင်း အိန္ဒိယအစိုးရက ခွင့်ပြုပေးထားခြင်းဖြစ်သည်။

ထို့ပြင် အမျိုးသားလူငယ်မူဝါဒ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အမျိုးသားကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းထားရှိပါသည်။ ယင်းကော်မတီသည် လူငယ်များအတွက် ရည်ရွယ်သည့် ဖွံ့ဖြိုးမှုအစီအစဉ်များနှင့် စီမံချက်များကို ပြန်လည်သုံးသပ်ရန်နှင့် ၎င်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရအား အကြံဉာဏ်ပေးခြင်း၊ ထောက်ခံပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ အမျိုးသားလူငယ်မူဝါဒ၏ လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အလှူငွေများဖြင့် “အမျိုးသားလူငယ်ဖွံ့ဖြိုးရေးရန်ပုံငွေ” တစ်ရပ်ကို ဖွဲ့စည်းထားရှိပြီး လှူဒါန်းငွေများအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရန်လည်း ဆောင်ရွက်ပေးထားပါသည်။ သို့ဖြစ်ရာ အိန္ဒိယအစိုးရသည် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောမူဝါဒနှင့်အစီအစဉ်များ၊ အခြေခံအဆောက်အအုံများကို စနစ်တကျ ဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရပါသည်။ ။

# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး



**မော်လမြိုင်ကျွန်း ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ရာ မြို့နယ်လဝက ဦးစီးအရာရှိဦးရဲကျော်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ခရမ်း ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၄)ရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့တွင် နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အားပေးကြည့်ရှုပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့်အဖွဲ့က အထက(၂) မြို့မကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**



## မော်လမြိုင်မြို့၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**မော်လမြိုင် ဇွန် ၁၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် အဆင့်မြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို ယနေ့တွင် အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်းနှင့် ပညာရေးဒီဂရီကောလိပ်၌ ကျင်းပရာ မွန်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။



စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင် ၁၀၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး အဆင့်မြင့်ပညာအဆင့် ပန်းချီပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းဖွင့်

**မန္တလေး ဇွန် ၁၃**

ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းကို မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က ကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းက အမှာစကားပြောကြားပြီး အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး) တပ်ဖွဲ့စုမှူး ရဲမှူးက ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။



**ခရိုင်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ... 

## ပွန်တန်ဆာမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသ

**ညောင်လေးပင် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွန်တန်ဆာမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ဒေါက်တာဘသန်းရေကန်အတွင်း၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဌေးနှင့် တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရေကြီးနစ်မြုပ်မှုကြောင့် ပိတ်မိနေသောသူများအား အသက်ကယ်ကြိုးများအသုံးပြု၍ ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ထုတ်နည်းစနစ်များကို လက်တွေ့သရုပ်ပြသရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာမြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။



**မြို့နယ်(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ရှမ်းသောက်ကြိုးပြင်ကာကွယ်တောအတွင်း၌ ၂၀၂၆ ခုနှစ် မိုးရာသီ(ပထမအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောဦးစီးအရာရှိနှင့် အဖွဲ့များက မိုးရာသီကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ရင်းမာ စုစုပေါင်း အရိပ်ရပျိုးပင် ၃၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## မြရည်နန္ဒာရပ်ကွက်၌ ထရန်စဖော်မာအသစ် ထပ်မံတပ်ဆင်

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေးနှင့် ဌာနပိုင်ထရန်စဖော်မာ(Transformer)များ လောင်ကျွမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် မန္တလေးခရိုင်လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြရည်နန္ဒာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ယနေ့နံနက်ပိုင်းက ၅၂ x ၁၁၃ လမ်းထောင့်တွင် ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး ထပ်မံတပ်ဆင်ခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ချမ်း/စည်)**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးကိုကိုစိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဇွန် ၁၂ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မုံရွာမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မုံရွာ ဇွန် ၁၃**

၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ်ဝင်း အတွင်း၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ ပျိုးပင်များကို စိုက်ပျိုးပေးကာ တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ မဟော်ဂနီ၊ ခရေ၊ မယ်ဇယ်၊ ရေတမာ၊ ပန်းမဲဇလီ၊ သပြေဘူတ စသည့် သစ်မျိုး ၁၀ မျိုး ပျိုးပင်စုစုပေါင်း ၁၅၁၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပထမအကြိမ် ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ စစ်ကိုင်းခရိုင် မြင်းမူမြို့အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ရတနာတန်းဝင်ပင်များနှင့် အရိပ်ရ လေကာပင် စုစုပေါင်း ၅၆၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကန့်ဘလူမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကန့်ဘလူ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက် အင်ကြင်းဥယျာဉ်အတွင်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပရာ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက အင်ကြင်းဥယျာဉ်ဝင်းအတွင်း စုစုပေါင်း ပျိုးပင် ၇၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



၂၀၂၄ ခုနှစ် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာစိုက်ထူခြင်းကို ဇွန် ၁၂ ရက်က လှိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းရှေ့၌ စိုက်ထူခဲ့ရာ ကယားပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်စဉ်။ မေစု(ပြန်/ဆက်)



## ဆေးဝါးနှင့်ဆေးပစ္စည်းဆိုင်ရာ ဘေးကင်းလုံခြုံမှုရှိစေရေး အသိပညာပေးဟောပြော

**မော်လမြိုင် ဇွန် ၁၃**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ငွေမိုးအထူးကုဆေးရုံ၌ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးနှင့်ဆေးပစ္စည်းဆိုင်ရာ ဘေးကင်းလုံခြုံမှုရှိစေရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။



ဟောပြောပွဲတွင် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိက ကောင်းမွန်သော ဆေးဝါးသိုလှောင်ရောင်းချမှု ကျင့်စဉ်၊ အမျိုးသားဆေးဝါး ဥပဒေများ၊ ADR repording System များအကြောင်း၊ ဘေးဥပဒ်ကင်းရေးအတွက် စစ်မှန်သောဆေးဝါးသုံးစွဲရန်၊ ဆေးဝါးဆိုင်ရာ ဘေးကင်းစိတ်ချရမှုနှင့် ပတ်သက်သည့် အချက်အလက်များနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ စုပေါင်းသွေးလှူဒါန်း

**ကျိုက်ထို ဇွန် ၁၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ (၃၁)နှစ်မြောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့က ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ရာ ကျိုက်ထိုမြို့နယ်(ရုံး)နှင့် ဘီးလင်းမြို့နယ်(ရုံး)တို့ရှိ ဝန်ထမ်းများက သွေးလှူဒါန်းနေမှုကို ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသူများအား ကြက်ဥ၊ အာဟာရမုန့်နှင့် အားဖြည့်အချိုရည်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**



## မိုင်းဆတ်မြို့၌ ပန်းချီပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပ

**မိုင်းဆတ် ဇွန် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပန်းချီပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို ယမန်နေ့ နေ့လယ်ပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်)မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ထားဝယ်မြို့၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် ဇွန် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက "ဒေသဖွံ့ဖြိုးတိုးတက်ဖို့ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၁ ရက်က ထားဝယ်မြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးထွန်းနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများ လိုအပ်သော စိုက်ပျိုးစရိတ်အရင်းအနှီးများအတွက် ချေးငွေထုတ်ချေးပေးနေမှုများအကြောင်း၊ ရှေးဟောင်း အမွေအနှစ်များနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးပြသထားသည့် ထားဝယ်ယဉ်ကျေးမှုပြတိုက်၊ စာကြည့်တိုက်များအကြောင်း၊ တိုင်းရင်းဆေးပညာရပ်များအကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။



**ခရိုင်(ပြန်/ဆက်)**

## မအူပင်မြို့၌ စုပေါင်းသွေးလှူဒါန်း

**မအူပင် ဇွန် ၁၃**

မအူပင်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ယမန်နေ့က မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုး ဦးဆောင်မှုဖြင့် ဝန်ထမ်းအင်အား ၁၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ကြက်ဥများ၊ အချိုရည်များနှင့် အာဟာရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## သနပ်ပင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**သနပ်ပင် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကုလားချောင်းကြီးကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇွန် ၁၁ ရက်က ကုလားချောင်းကြီး တိုက်နယ်ဆရာဝန် သက်မာစိုးနှင့်အဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းကာ စာသင်ကျောင်းများနှင့် လူနေအိမ်များရှိ ရေတွင်း၊ ရေကန်များ၌ အဘိတ်ဆေးခတ်ခြင်း၊ ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပေးကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

❂ *ကျောဖုံးမှ*

အဆိုပါပစ္စည်းများကို ပြည်နယ်အတွင်းရှိ တောင်သူများအား ဖြန့်ဖြူးပေးနိုင်ရေး ယူရီးယား ဓာတ်မြေဩဇာအိတ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံ(မြစ်ကြီးနားမြို့) ကျောင်းဝင်းအတွင်းရှိ ဂိုဒေါင်သို့လည်းကောင်း၊ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူအိတ်များကို ပြည်နယ်အားကစားကွင်းအတွင်း မိုးလုံလေလုံ အားကစားခန်းမသို့လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ဗလာစာအုပ်များကို ခရိုင်ပညာရေးမှူးရုံးသို့လည်းကောင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ကူညီသယ်ဆောင်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ ကူညီဆောင်ရွက်ပေးသူများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။



ထို့အတူ အဆိုပါယာဉ်တန်းတွင် ပါဝင်လာခဲ့သည့် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေထားသော တိုင်းရင်းသားဘာသာပုံပြ၊ ပုံပြင်စာအုပ်ထုပ်များကိုလည်း မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသို့ ပို့ဆောင်ပေးခဲ့ရာ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက စစ်ဆေးလက်ခံပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

အသေးစိတ်ဆွေးနွေးခဲ့ကြပြီး 10th China–South Asia Expo နှင့် 30th Kunming Import & Export Fair သို့ တက်ရောက်ခဲ့သည့်အပြင် ယူနန်ပြည်နယ်ရှိ သစ်သီးဝလံကုန်သည်များနှင့် တွေ့ဆုံကာ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလမ်းကြောင်းများ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ဆွေးနွေးခြင်းများအပါအဝင် မြန်မာ့သစ်သီးဝလံ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ထောပတ်သီး၊ ဒူးရင်းသီးနှင့် ပင်မှည့်သီးတို့နှင့်ပတ်သက်၍ အထူးပြုဆွေးနွေးခြင်းတို့ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ **MT**

❑ *ကျောဖုံးမှ*

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်နွယ်က တောင်သူတစ်ဦးအား မျိုးစေ့များ ပေးအပ်ခြင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တောင်သူတစ်ဦးအား ဓာတ်မြေဩဇာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

❖ *ကျောဖုံးမှ*

ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၈၈ ဦးတို့အား ဖုန်းမျိုးစုံအလုံး ၁၈၀၊ All In One ကွန်ပျူတာ ၄၄ လုံး၊ Power Station (အသေး)နှစ်လုံး၊ Crown ကားတစ်စီး၊ Alphard ကားတစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကောင်းမှုတုံရပ်ကွက်အတွင်းရှိနေအိမ်တစ်လုံးမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားငါးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦးအား ဖုန်းမျိုးစုံ ၁၀၃ လုံး၊ Laptop မျိုးစုံ ခြောက်လုံး၊ All In One ကွန်ပျူတာ နှစ်လုံး၊ Wifi စက်လေးလုံး၊ CPU နှစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၇ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးကို ဖမ်းဆီးရမိစဉ်။





မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့် နေအိမ်နှင့် လုပ်ငန်းနေရာကို တွေ့ရစဉ်။

❉ *ကျောဖုံးမှ*

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ် မန်းဓာတ်အားပေးစက်ရုံမှ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ၊ ဓာတ်အားလိုင်းများဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားသော ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့၊ မလွန်မြို့၊ မင်းလှမြို့၊ စကုမြို့၊ ငဖဲမြို့၊ ဆင်းဝေါင်းကျေးရွာများ၊ ထောက်ရှာပင်ရေနံမြေနှင့် မင်းဘူးဓာတ်ငွေ့ရည်စက်ရုံတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ၂၃၀ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ခနောင်တိုဓာတ်အားလိုင်း နှင့် ၃၃ ကေဗွီ မြို့ရုံး(၁) ဓာတ်အားလိုင်းတို့၏ ဆက်စပ် Switchbay (ဆွဒ်ဘေး)များ ကြံ့ခိုင်ကောင်းမွန်စေရန်နှင့် မလိုလားအပ်သော ဓာတ်အားပြတ်တောက်မှုများ မဖြစ်ပေါ်စေရန်အတွက် ဆွဒ်ဘေးထိန်းသိမ်းပြုပြင်ခြင်းနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်–

| စဉ် | ဓာတ်အားလိုင်းအမည် | ရက်စွဲ/ အချိန် | ဓာတ်အားပြတ်ဧရိယာ |
|---|---|---|---|
| ၁။ | ၃၃ ကေဗွီ ခနောင်တို | ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့ (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ | ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အေးရွာနှင့် ဒလမြို့နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ |
| ၂။ | ၃၃ ကေဗွီ မြို့ရုံး (၁) | ၂၀၂၄ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ | စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ ညောင်ရွာနှင့် ဒိုင်စုစသည့် ရပ်ကွက်များ |

ထို့အတွက် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျွန်ဟီလေ ရာထူးမှ နုတ်ထွက်

**လန်ဒန် ဇွန် ၁၃**

ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျွန်ဟီလေသည် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ကီယာစတာမာနှင့် သဘောထားကွဲလွဲမှုများရှိခဲ့သဖြင့် ရာထူးမှနုတ်ထွက်သွားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး ဟီလေသည် ဇွန် ၁၁ ရက်က လူမှုကွန်ရက်တွင် တင်ထားသော ဝန်ကြီးချုပ်စတာမာထံသို့ ပေးပို့သည့် စာတစ်စောင်၌ ရာထူးမှ နုတ်ထွက်မည့်အကြောင်း ရေးသားထားသည်။ အဆိုပါ နုတ်ထွက်စာတွင် ၂၀၃၀ ပြည့်နှစ်အရောက်၌ ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးနိုင်မည့် အလားအလာ မရှိခြင်းကို နုတ်ထွက်ရသည့် အကြောင်းရင်းတစ်ရပ်အဖြစ် ထည့်သွင်းဖော်ပြထားသည်။




အစိုးရ၏ ကာကွယ်ရေးရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် ယခုကဲ့သို့ စိန်ခေါ်မှုများပြားသောကာလတွင် နိုင်ငံတော်အတွက် လိုအပ်သည့် ပမာဏထက် များစွာလျော့နည်းနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဝန်ကြီးချုပ် စတာမာဦးဆောင်သော အလုပ်သမားပါတီသည် ပြီးခဲ့သည့်လက ကျင်းပခဲ့သော ဒေသန္တရရွေးကောက်ပွဲများတွင် ရှုံးနိမ့်ခဲ့သည်။ ပြီးခဲ့သည့်လကလည်း ကျန်းမာရေးဝန်ကြီး နုတ်ထွက်သွားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# UFO ဖိုင်များ ပင်တဂွန် ထပ်မံထုတ်ပြန်

**လော့စ်အိန်ဂျလိစ် ဇွန် ၁၃**

ပင်တဂွန်ဌာနသည် အမည်မသိ ထူးခြားဖြစ်စဉ်များ (Unidentified Anomalous Phenomena–UAP) နှင့် သက်ဆိုင်သည့် မှတ်တမ်းဖိုင် တတိယအသုတ်ကို ဇွန် ၁၂ ရက်က ထုတ်ပြန်ခဲ့သည်။ UAP ကို အများအားဖြင့် အမည်မသိ ပျံသန်းနေသော အရာဝတ္ထုများ (UFO) ဟုလည်း လူသိများကြသည်။

အသစ်ထုတ်ပြန်သည့် စုစည်းမှုတွင် ပင်တဂွန်၊ အမေရိကန် စုံစမ်းစစ်ဆေးရေးဗျူရို (FBI)၊ အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (CIA) နှင့် နာဆာတို့က စုစည်းထားသည့် သမိုင်းဝင် UAP နှင့်ဆက်နွယ်သော အချက်အလက်များပါဝင်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စုစည်းမှုများကို အစိုးရ၏ သီးသန့်ဝက်ဘ်ဆိုက်ဖြစ်သည့် war.gov/UFO တွင် ဆက်လက်ထားရှိမည်ဖြစ်ပြီး နောက်ထပ်ဖိုင်များကိုလည်း အဆင့်ဆင့်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပင်တဂွန်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း မက္ကဆီကိုနိုင်ငံသို့ ခရီးသွား ၁၀ သန်းခန့် ထပ်မံလာရောက်မည်ဟု ခန့်မှန်း

**မက္ကဆီကိုစီးတီး ဇွန် ၁၃**

၂၀၂၆ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကာလအတွင်း မက္ကဆီကိုနိုင်ငံသို့ နောက်ထပ် ခရီးသွား ၁၀ သန်းခန့်လာ ရောက်မည်ဟု ခန့်မှန်းထားကြောင်း ခရီးသွားလာရေးဝန်ကြီး ဂျိုဆီဖိနာ ရိုဒရီဂုဇ် ဇာမိုရာက ဇွန် ၁၁ ရက်ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံအတွင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပမည့် မြို့သုံးမြို့ဖြစ်သည့် မက္ကဆီကိုစီးတီး၊ ဂွာဒါလာဟာရာနှင့် မွန်တာရေးမြို့များသို့ နောက်ထပ်ခရီးသွား သုံးသန်းခန့် လာရောက်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မက္ကဆီကိုနိုင်ငံသည် ဧပြီလအတွင်း ခရီးသွားဧည့်သည် ကိုးသန်းကို လက်ခံခဲ့ရကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ခရီးသွားဝင်ရောက်မှုနှုန်း သိသိသာသာမြင့်တက်လာမည်ဟူသည့် မျှော်လင့်ချက်ကို အားကောင်းစေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ လာရောက်လည်ပတ်သူများသည် ပုံမှန်ခရီးသွားများထက် ပျမ်းမျှအားဖြင့် ၄၈ ရာခိုင်နှုန်း ပိုမိုသုံးစွဲကြကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အမေရိကန်၊ ကနေဒါနိုင်ငံတို့နှင့်အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို သုံးကြိမ်တိုင်တိုင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပထမဆုံးနိုင်ငံလည်း ဖြစ်သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံ အန်ကောဒေသရှိ ဖနွန်ဘခန်ဘုရားကျောင်းအား သုတေသနပညာရှင်များ မွမ်းမံပြင်ဆင်

**ဖနောင်ပင် ဇွန် ၁၃**

သုတေသနပညာရှင်များသည် ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကျော် အန်ကောရှေးဟောင်းသုတေသနဥယျာဉ်အတွင်းရှိ နှစ် ၁၀၀၀ ကျော် သက်တမ်းရှိ ဖနွန်ဘခန်ဘုရားကျောင်း၏ အနောက်ဘက်ခြမ်းတွင် ပြန်လည်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း APSARA အမျိုးသားအာဏာပိုင်အဖွဲ့ (ANA) က ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဘုရားကျောင်းသည် ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆီယမ်ရိပ်ပြည်နယ်ရှိ ၄၀၁ စတုရန်း ကီလိုမီတာကျယ်ဝန်းသော ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အန်ကောရှေးဟောင်း သုတေသနဥယျာဉ်၏ အဓိကဘုရားကျောင်းများအနက် တစ်ခုဖြစ်သည်။

ဖနွန်ဘခန်ဘုရားကျောင်း အနောက်ဘက်ခြမ်း ပြန်လည်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကို ၂၀၂၆ ခုနှစ် မတ်လတွင်စတင်ခဲ့ပြီး နံရံများ၊ ကြမ်းပြင်များ၊ လှေကားတန်းများနှင့် ဘုရားကျောင်း၏ စတုတ္ထအဆင့်တွင်ရှိသည့် C6 နှင့် C7 စေတီငယ်နှစ်ဆူကို ပြန်လည်တည်ဆောက်ခြင်းများ ပါဝင်ကြောင်း ပြန်လည်မွမ်းမံပြင်ဆင်ရေးစီမံကိန်းမှ စီမံကိန်း



အင်ဂျင်နီယာ Chiv Phirom က ပြောကြားသည်။

ဘုရင် ယာဆိုဗာမန်–၁ လက်ထက် ကိုးရာစုနှောင်းပိုင်းမှ ၁၀ ရာစုအစောပိုင်းအတွင်း တည်ဆောက်ခဲ့သည့် ဖနွန်ဘခန်ဘုရားကျောင်းသည် အလွန်သာယာလှပသည့် အံ့အားသင့်ဖွယ်နေဝင်ချိန်မြင်ကွင်းနှင့် အန်ကောဒေသ၏ မြင်ကွင်းကျယ် ရှုမျှော်ခင်းများကြောင့် နေ့စဉ်ရာနှင့်ချီသည့်ခရီးသည်များကို ဆွဲဆောင်ရာနေရာလည်း ဖြစ်သည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ပြင်းအား ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်

**မနီလာ ဇွန် ၁၃**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းဒေသ၌ ဇွန် ၁၂ ရက်က ပြင်းအား ၅ အဆင့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း GFZ ဂျာမန်ဘူမိသိပ္ပံဆိုင်ရာ သုတေသနစင်တာက ထုတ်ပြန်သည်။

ငလျင်၏ဗဟိုချက်မှာ မြောက်လတ္တီကျု ၅ ဒသမ ၄၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၂၄ ဒသမ ၈၂ ဒီဂရီ၊ မြေအောက် အနက် ၁၀ ကီလိုမီတာတွင် တည်ရှိကြောင်း ကနဦးတိုင်းတာချက်များအရ သိရသည်။ လက်ရှိအချိန်အထိ လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိသေးကြောင်း၊ ဇွန် ၈ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်တွင် လူပေါင်း ၅၅ ဦး သေဆုံးပြီး ၁၁၂၀ ဒဏ်ရာရရှိကာ ၃၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ပြင်သစ်ပြည်သူ ၆၅ ရာခိုင်နှုန်းခန့် AI အသုံးပြုဟု စစ်တမ်းဖော်ပြ

**ပါရီ ဇွန် ၁၃**

ပြင်သစ်လူထုစစ်တမ်းကောက်ယူရေး အင်စတီကျု Elabe က ဇွန် ၁၂ ရက်တွင် ထုတ်ပြန်သည့် စစ်တမ်းတစ်ရပ်အရ ပြင်သစ်ပြည်သူ ၆၅ ရာခိုင်နှုန်းခန့်သည် ဉာဏ်ရည်တုနည်းပညာ (AI) ကို အသုံးပြုနေကြကြောင်း ဖော်ပြထားသည်။

ပြင်သစ်လူမျိုးများနှင့် ဉာဏ်ရည်တုနည်းပညာဟု အမည်ပေးထားသည့် အဆိုပါစစ်တမ်းကို ယခုလအစောပိုင်းတွင် ကောက်ယူခဲ့ခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ အသက် ၁၈ နှစ်နှင့်အထက် လူပေါင်း ၁၅၀၃ ဦးအား ကိုယ်စားပြုနမူနာအဖြစ် ရွေးချယ်ကောက်ယူခဲ့ကြောင်း သိရသည်။ စစ်တမ်းရလဒ်များအရ AI အသုံးပြုမှုသည် အသက်အရွယ်၊ လူမှုအဆင့်အတန်းနှင့် နေထိုင်ရာဒေသအလိုက် သိသာထင်ရှားစွာ ကွာခြားမှုများရှိကြောင်း ဖော်ပြထားသည်။

စစ်တမ်းအရ အသက် ၁၈ နှစ်မှ ၃၄ နှစ်ကြား လူငယ်များ၏ AI အသုံးပြုမှုမှာ ၈၇ ရာခိုင်နှုန်းရှိသော်လည်း အသက် ၅၀ ကျော် အရွယ်များတွင် ၅၄ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ထို့ပြင် အရာရှိအဆင့်ဝန်ထမ်းများ၏ AI အသုံးပြုမှုမှာ ၈၆ ရာခိုင်နှုန်းရှိပြီး လုပ်သားများ၏ AI အသုံးပြုမှုမှာ ၅၇ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။ မြို့ပြဒေသများတွင် AI အသုံးပြုမှု ၇၁ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသများတွင် ၅၇ ရာခိုင်နှုန်းရှိကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# အိန္ဒိယ၌ စစ်ဘက်သုံးလေယာဉ်တစ်စင်းပျက်ကျ၊ ငါးဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၃**

အိန္ဒိယလေတပ် (IAF) မှ AN–32 သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းသည် နိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ဇွန် ၁၃ ရက်က ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒေသတွင်းကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အများဆုံးအသုံးပြုလေ့ရှိသော အင်ဂျင်နှစ်လုံးတပ် တာဘိုပရော့ပ် စစ်ဘက်သုံးလေယာဉ်သည် အာသံပြည်နယ်မြို့တော် ဒစ္စပူရ်မြို့၏ အရှေ့မြောက်ဘက် ၂၉၈ ကီလိုမီတာခန့်အကွာ ဂျိုဟတ်ခရိုင်ရှိ အိန္ဒိယလေတပ်စခန်းသို့ ဆင်းသက်ရန် ကြိုးပမ်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နောက်ဆုံးရရှိသော သတင်းများအရ လေယာဉ်ပျက်ကျမှုကြောင့် အိန္ဒိယလေတပ် အမှုထမ်း ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပါကစ္စတန်က အာဖဂန်အကျဉ်းသား ၇၆၃ ဦး ပြန်လွှတ်ပေး

**ကဘူးလ် ဇွန် ၁၃**

ပါကစ္စတန်နိုင်ငံသည် လွန်ခဲ့သည့် သီတင်းပတ်အတွင်း အကျဉ်းထောင်များရှိ အာဖဂန်အကျဉ်းသား ၇၆၃ ဦးကို ပြန်လွှတ်ပေးခဲ့ပြီး အာဖဂန်ဒုက္ခသည် ၃၇၀၀ ကို တစ်ရက်အတွင်း နေရပ်ပြန်ပို့ခဲ့ကြောင်း အာဖဂန်အရာရှိများက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

လွှတ်မြောက်လာသည့် အကျဉ်းသားများမှာ စွဲချက်အမျိုးမျိုးဖြင့် ဖမ်းဆီးခံထားရသူများဖြစ်ပြီး ကန်ဒဟာပြည်နယ်ရှိ စပင်ဘိုလ်ဒက်ခ်နယ်စပ်ဂိတ်နှင့် နန်ဂါဟာပြည်နယ် အရှေ့ပိုင်းရှိ တော့ခ်ဟမ်နယ်စပ်ဂိတ်တို့မှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဒုက္ခသည်များပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

# ဆိုမာလီလုံခြုံရေးတပ်ဖွဲ့များက ပေါက်ကွဲစေတတ်သည့် ဓာတုပစ္စည်းအမြောက်အမြား သိမ်းဆည်းရမိ

**မိုဂါဒစ်ရှူး ဇွန် ၁၃** – ဆိုမာလီယာနိုင်ငံ၏ အမျိုးသားထောက်လှမ်းရေးနှင့် လုံခြုံရေးအေဂျင်စီ (NISA) က နိုင်ငံတောင်ပိုင်းဒေသရှိ အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့ထံ ပို့ဆောင်ဖွယ်ရှိသည်ဟု ယူဆရသော ပေါက်ကွဲစေတတ်သည့် ဓာတုပစ္စည်းအမြောက်အမြားကို သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များက မိမိတို့၏လှုပ်ရှားမှုများကို ခြေရာခံစောင့်ကြည့်နေကြောင်း သိရှိခဲ့ပြီးနောက် အယ်လ်ရှာဘတ် စစ်သွေးကြွများသည် ဂျီလစ်မာကာဒေသတွင် ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများပါဝင်သည့် ကွန်တိန်နာ ၁၀၀ ကျော်ကို မြေကြီးအောက်၌ မြှုပ်နှံထားခဲ့ကြောင်း၊ စီစဉ်ထားသော တိုက်ခိုက်မှုများတွင် အသုံးပြုရန် ရည်ရွယ်ထားသည့် ပစ္စည်းများကိုလည်း အသုံးမပြုနိုင်အောင် ဖယ်ရှားနိုင်ခဲ့ကြောင်း NISA က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မှ နာမည်ကြီး နယ်သာလန်၊ ဆွီဒင်၊ စပိန်အသင်းတို့ ပါဝင်တဲ့ ပွဲစဉ်တွေကို ဇွန် ၁၅ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နယ်သာလန်က အာရှအင်အားကြီး ဂျပန်၊ ဆွီဒင်က ကစားရခက်တဲ့ တူနီးရှား၊ နာမည်ကြီးစပိန်က ကိတ်ဗာဒီအသင်းတို့ တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ခြေစွမ်းပြပြီး နိုင်ပွဲရယူသွားမလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ပြင်းထန်လာဦးမယ့် နယ်သာလန်နဲ့ ဂျပန်တို့ရဲ့ အားပြိုင်မှု

**နယ်သာလန်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| နယ်သာလန် | ၁-၁ | အီကွေဒေါ |
| နယ်သာလန် | ၀-၁ | အယ်ဂျီးရီးယား |
| နယ်သာလန် | ၂-၁ | ဥဇဘက်ကစ္စတန် |

**ဂျပန်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| စကော့တလန် | ၀-၁ | ဂျပန် |
| အင်္ဂလန် | ၀-၁ | ဂျပန် |
| ဂျပန် | ၁-၀ | အိုက်စလန် |

## နယ်သာလန် VS ဂျပန် (နံနက် ၂း၃၀)

နယ်သာလန်က အနီးစပ်ဆုံးခြေစမ်းပွဲတွေမှာ အယ်ဂျီးရီးယားကို ရှုံးနိမ့်ပြီး ဥဇဘက်ကစ္စတန်ကို ရှုံးနိမ့်ခဲ့လို့ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေတဲ့အသင်းဖြစ်တယ်။ ပြိုင်ဘက်ဂျပန်က ခြေစမ်းပွဲမှာ အင်္ဂလန်လိုထိပ်တန်းအသင်းကြီးကို နိုင်ပွဲရတဲ့အထိ ခြေစွမ်းထက်မြက်လာတဲ့အသင်းဖြစ်တယ်။ စုဖွဲ့မှုအားကောင်းပြီး မာကျောကျစ်လျစ်တဲ့ကစားဟန်ကြောင့် ခြေစွမ်းသာတဲ့အသင်းထက် အဆုံးသတ် သေချာတဲ့အသင်းသာ နိုင်ဖွယ်ရာရှိတယ်။

ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - နယ်သာလန် ၈ ၊ ဂျပန် ၁၈

**အိုင်ဗရီကို့စ်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| တ/ကိုရီးယား | ၀-၄ | အိုင်ဗရီကို့စ် |
| အိုင်ဗရီကို့စ် | ၁-၀ | စကော့တလန် |
| ပြင်သစ် | ၁-၂ | အိုင်ဗရီကို့စ် |

**အီကွေဒေါအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| နယ်သာလန် | ၁-၁ | အီကွေဒေါ |
| အီကွေဒေါ | ၂-၁ | ဆော်ဒီအာရေဗျ |
| အီကွေဒေါ | ၃-၀ | ဂွါတီမာလာ |

## အိုင်ဗရီကို့စ် VS အီကွေဒေါ (နံနက် ၅း၃၀)

၂၀၁၄ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားကို တစ်ကျော့ပြန်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိတဲ့ အိုင်ဗရီကို့စ်အသင်းက မျိုးဆက်သစ်ကစားသမားတွေနဲ့ ခြေစွမ်းထက်နေတယ်။ အီကွေဒေါက တောင်အမေရိကဇုန်မှာ ဘရာဇီး၊ အာဂျင်တီးနားတို့လို ထိပ်တန်းအသင်းတွေကို အခက်တွေ့အောင်ကစားထားနိုင်တဲ့အသင်း ဖြစ်တယ်။ ဥရောပအခြေပြုထိပ်တန်းကစားသမား အများစုနဲ့ ဖွဲ့စည်းထားတဲ့ အိုင်ဗရီကို့စ်အသင်းကို အီကွေဒေါအသင်း အနိုင်ရဖို့ မလွယ်ဘူး။

ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - အိုင်ဗရီကို့စ် ၃၃ ၊ အီကွေဒေါ ၂၃

**ဆွီဒင်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ဆွီဒင် | ၃-၂ | ပိုလန် |
| နော်ဝေ | ၃-၁ | ဆွီဒင် |
| ဆွီဒင် | ၂-၂ | ဂရိ |

**တူနီးရှားအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ကနေဒါ | ၀-၀ | တူနီးရှား |
| ဩစတြီးယား | ၁-၀ | တူနီးရှား |
| ဘယ်လ်ဂျီယံ | ၅-၀ | တူနီးရှား |

## ဆွီဒင် VS တူနီးရှား (နံနက် ၈း၃၀)

ယိုကာရက်စ်၊ အီဆက်တို့ဦးဆောင်လာမယ့် ဆွီဒင်အသင်းရဲ့ တိုက်စစ်ကို တူနီးရှားအသင်း ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး။ တူနီးရှားရဲ့ ခြေစွမ်းက မဆိုးဘူးဆိုပေမယ့် ကမ္ဘာ့အဆင့်ကစားသမားတွေ အများအပြားပိုင်ဆိုင်ထားတဲ့ ဆွီဒင်အသင်းကို အနိုင်ရလောက်တဲ့အထိ စွမ်းဆောင်နိုင်ဖွယ်မရှိဘူး။ ဒါကြောင့် ဆွီဒင်အသင်း တိုက်စစ်ခြေစွမ်းပြပြီး နိုင်ပွဲရလဒ်ဖော်ဆောင်သွားဖွယ်ရှိတယ်။

ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - ဆွီဒင် ၃၈ ၊ တူနီးရှား ၄၅

**စပိန်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| စပိန် | ၀-၀ | အီဂျစ် |
| စပိန် | ၁-၁ | အီရတ် |
| ပီရူး | ၁-၃ | စပိန် |

**ကိတ်ဗာဒီအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ချီလီ | ၄-၂ | ကိတ်ဗာဒီ |
| ကိတ်ဗာဒီ | ၁-၁ | ဖင်လန် |
| ကိတ်ဗာဒီ | ၃-၀ | ဆားဘီးယား |

## စပိန် VS ကိတ်ဗာဒီ (ည ၁၀း၃၀)

ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဖလားဆွတ်ခူးနိုင်ခြေ မြင့်မားနေတဲ့ စပိန်နဲ့ ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိတဲ့ ကိတ်ဗာဒီတို့ တွေ့ဆုံတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ နှစ်သင်းကြား ကမ္ဘာ့အဆင့် ရပ်တည်မှုနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်မှာ အတော်လေးကွာခြားမှုရှိတယ်။ စပိန်ရဲ့ အမြန်နှုန်း၊ တစ်ဦးချင်းစွမ်းဆောင်ရည်တွေကြောင့် ကိတ်ဗာဒီအသင်း အခက်တွေ့အောင်သာကစားနိုင်ဖွယ်ရှိတယ်။

ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - စပိန် ၂ ၊ ကိတ်ဗာဒီ ၆၇



## အိမ်ရှင်အမေရိကန် ဂိုးပြတ်အနိုင်ရပြီး ကနေဒါအသင်း သရေကျ

အိမ်ရှင်အမေရိကန်နှင့် ပါရာဂွေးအသင်းတို့၏ ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်ကို ဇွန် ၁၃ ရက် နံနက် ၇ နာရီခွဲက ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်အသင်းက တိုက်စစ်ခြေစွမ်းပြပြီး လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အမေရိကန်အသင်းသည် လာမည့်ပွဲစဉ်တွင် ဩစတြေးလျအသင်းနှင့် ပြိုင်ဘက် ပါရာဂွေးအသင်းက တူကီယဲအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ကနေဒါနှင့် ဘော့စနီးယားအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဘော့စနီးယားအသင်းသည် ပွဲချိန် ၂၀ မိနစ်တွင် ရရှိခဲ့သော လူကီ၏ သွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း လာရင်၏ နောက်ကျချေပဂိုး ခွင့်ပြုပေးခဲ့ရသည့်အတွက် သရေကျခဲ့ခြင်း ဖြစ်သည်။

## HSBC Championships ဆီမီးဖိုင်နယ် ယိုဗစ်ချ်တက်ရောက်

HSBC Championships တင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ အမေရိကန် နာမည်ကျော်တင်းနစ်မယ် အီဗာယိုဗစ်ချ်က တစ်နိုင်ငံတည်းသူ အမန်ဒါ အနီဆီမိုဗာကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၂၊ ၃-၆၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် ခရိုအေးရှားတင်းနစ်မယ် ရူဇစ်၊ ဖိလစ်ပိုင်တင်းနစ်မယ် အယ်လာတို့ကို ကျော်ဖြတ်ထားသူ ဖြစ်သည်။ ယိုဗစ်ချ်သည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့သည့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် တတိယအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့ပြီး ပြိုင်ဘက်ဂျပန်တင်းနစ်မယ် အိုဆာကာကို ရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့် တက်လှမ်းခွင့် လွဲချော်ထားသူ ဖြစ်သည်။ အသက် ၁၈ နှစ်အရွယ် ယိုဗစ်ချ်သည် ယခုနှစ်အတွင်း ဆီမီးဖိုင်နယ်သို့ လေးကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။



အမေရိကန် နာမည်ကျော်တင်းနစ်မယ် အီဗာယိုဗစ်ချ်

## ပြည်ဝင်ခွင့်ငြင်းပယ်ခံရမှုကြောင့် ဂါနာကစားသမား ပါတေး ပနားမားနဲ့ပွဲစဉ်ကို လွဲချော်ဖွယ်ရှိ

ဂါနာအသင်းကွင်းလယ်ကစားသမား သောမတ်စ်ပါတေးသည် ကနေဒါနိုင်ငံသို့ ပြည်ဝင်ခွင့်ငြင်းပယ်ခံရပြီးနောက် တိုရွန်တိုတွင် ကစားမည့် ပနားမားနှင့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။ အသက် ၃၂ နှစ်အရွယ် ပါတေးသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဒုတိယအကြိမ်မြောက် ရွေးချယ်ခံခဲ့ရသည့် ကစားသမားဖြစ်သည်။ ၎င်းသည် ဂါနာအသင်းအတွက် ၂၀၂၆ ခုနှစ်အတွင်း ၁၀ ပွဲ ပါဝင်ကစားပေးထားပြီး သုံးဂိုးသွင်းကာ နှစ်ကြိမ် ဂိုးဖန်တီးပေးထားသည်။

■ မိုးဇက် - စုစည်းရေးသားသည်

## ပြည်တွင်းသတင်း

### ဘီးလင်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဘီးလင်း ဇွန် ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကန်သာယာရပ်ကွက် အ.မ.က ၂ ကျောင်းဝင်းအတွင်း ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျာမင်း၊ ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ မဟော်ဂနီ၊ မန်ဂျန်ရှားနှင့် ပျဉ်းကတိုး စသည့် ပျိုးပင် စုစုပေါင်း ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)





မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင် ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ ဇွန် ၁၂ ရက်က ပြင်ဦးလွင်မြို့နယ် ဘက်စုံသားဖွား သင်တန်းကျောင်းရှိ ဝန်ထမ်းများအား မီးလောင်မှု/မီးလန့်မှု မဖြစ်ပေါ် စေရေးအတွက် မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးပြီး လက်တွေ့ လေ့ကျင့်သရုပ်ပြဆောင်ရွက်စဉ်။ ဘုန်းမြတ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပျဉ်းမနားမြို့နယ်၌ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

ကမ္ဘာ့ကလေး အလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာ ပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ် မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၂) ကျွန်းတော်ဝင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျက နေပြည်တော်ကောင်စီအတွင်းရှိ ကလေးသူငယ်များ အလုပ်ခွင်သို့ မရောက်ရှိစေဘဲ ကျောင်းပြင်ပ ပညာရေး အခွင့်အလမ်းများ အပါအဝင် အခြေခံပညာရေးကို လက်လှမ်းမီစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေး အလုပ်သမား ပပျောက်ရေး လုပ်ငန်းစဉ်များကို အစိုးရအဖွဲ့ သာမက လုပ်ငန်းရှင်များ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ မိဘအုပ်ထိန်းသူများနှင့် ပြည်သူတစ်ရပ်လုံး လက်တွဲညီညီဖြင့် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက နေပြည်တော် ကလေးလုပ်သားစစ်တမ်း (၂၀၂၅-၂၀၂၆) အစီရင်ခံစာပါ အချက်အလက်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပြောကြားကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

## ကဝမြို့နယ်၌ စပါးခွံမီးသွေးဖြင့် မြေဩဇာထုတ်လုပ်၍ စပါးခွံပေါင်းခံရည် ထုတ်လုပ်မှုသရုပ်ပြ

**ကဝ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် စပါးခွံမီးသွေးဖြင့် သဘာဝမြေဩဇာ ထုတ်လုပ်၍ စပါးခွံပေါင်းခံရည် ထုတ်လုပ်မှုသရုပ်ပြပွဲကို ယမန်နေ့နံနက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိဦးရဲကိုကိုက စပါးခွံမီးသွေး၊ သဘာဝမြေဩဇာထုတ်လုပ်၍ စပါးခွံပေါင်းခံရည်ထုတ်လုပ်မှု၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးအတွက် အသုံးပြုပုံနှင့် ထုတ်လုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း



**ရေတာရှည် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က အခွန်ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ အခွန်ထမ်းပြည်သူ ၃၀ ခန့် တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်မြို့၌ မြန်မာအမျိုးသမီးများနေ့အကြိုလှုပ်ရှားမှု ပန်းအလှပြင်သင်တန်းဖွင့်

**ပုသိမ် ဇွန် ၁၃**

ပုသိမ်မြို့၌ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အကြို လှုပ်ရှားမှုအဖြစ်



တိုင်းဒေသကြီးအမျိုးသမီးရေးရာကော်မတီနှင့်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံပန်းအလှပြင်သင်တန်းကို ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းနည်းပြ ဒေါ်စန္ဒာဆွေဦးက သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး သင်တန်းနည်းပြအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ငူ ဇွန် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့်



တာဝန်ရှိသူများသည် ယမန်နေ့က ရေတာရှည်မြို့နယ်အတွင်း သပြေတန်း-ထန်းကုန်း-ဇလုပ်ကြီးလမ်းပေါ်ရှိ ကွန်ကရစ်တံတားမြေကာနံရံ တည်ဆောက်ခြင်း၊ အမတ်ကြီးခုံ၊ ဇလုပ်ကြီးကုန်ထုတ်လမ်းနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ဇလုပ်ကြီးကျေးရွာလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် နတ်ရေတွင်းကျေးရွာဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများသို့ သွင်းအားစုပေးအပ်

**မော်လမြိုင်ကျွန်း ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ ဘက်စုံသုံးခန်းမ၌ စုပေါင်းလယ်ယာဆောင်ရွက်လျက်ရှိသော တောင်သူများအား သွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့နံနက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်



အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးတို့က တောင်သူ ၁၇ ဦး စိုက်ဧက ၂၀၀ အတွက် အိတ် ၄၀၀ သွင်းအားစုများကို ပေးအပ်ခဲ့သည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ထားဝယ်ခရိုင်၌ အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ အသိပညာပေး

**ထားဝယ် ဇွန် ၁၃**

ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထားဝယ်မြို့နယ်ဥပဒေရုံးတို့ ပူးပေါင်း၍ အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ကေသီဝင်းတို့က အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားဖြင့် ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိကြောင်းနှင့် အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာအကြောင်းများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



## လူငယ်ရေးရာအသိပညာပေးဟောပြော

**တောင်ကြီး ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) စာရေးဆရာများနှင့် အခြေခံပညာအထက်တန်းကျောင်းများ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာစိုးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာစောင်ဖတ်ကြစို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဇာဏီဟိန်း(သီပေါ)စာရေးဆရာ ဦးမြသန်းက ရာသီဥတုပြောင်းလဲဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



## ညောင်တုန်းမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ညောင်တုန်း ဇွန် ၁၃**

ညောင်တုန်းမြို့နယ် ဝါးတောကျေးရွာရှိ ပန်းလှိုင်ရေထိန်းတံခါး၌ ယမန်နေ့ မွန်းလွဲပိုင်းက ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစိုးအောင်တို့ထံ ငါးသားပေါက်များ ပေးအပ်ခဲ့ပြီး ပန်းလှိုင်ရေထိန်းတံခါး သဘာဝရေပြင်အတွင်းသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်နေပြည်သူများက ငါးသားပေါက်အကောင်ရေ နှစ်သိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# နိုင်ငံတစ်ဝန်း မြို့နယ်အသီးသီး၌ ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ



**ပန်းတနော်**

ပန်းတနော်မြို့နယ်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်က အရှေ့ပိုင်းရပ်ကွက် မြို့နယ်စီမံကိန်းရုံးပိုင်မြေနေရာ၌ကျင်းပရာ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



**ပခုက္ကူ**

ပခုက္ကူမြို့နယ်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ပခုက္ကူပညာရေးဒီဂရီကောလိပ်ဝင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင် ၇၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ **ဘာမီသာ(ပခုက္ကူ)**



**ရေဖြူ**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရေဖြူမြို့ (ခ)ရပ်ကွက်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ပျိုးပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



**မိုင်းတုံ**

မိုင်းတုံမြို့နယ်၌ ဇွန် ၁၃ ရက် နံနက်က ပန်ကျိုင်းကျေးရွာ၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ နယ်မြေခံတပ်နယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **မျိုးကျော်စိုး(ပြန်/ဆက်)**



**ပန်းတောင်း**

ပန်းတောင်းမြို့နယ်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက သီးကုန်းကျေးရွာ ပြည်–တောင်ကုတ်ကားလမ်း၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများက ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **လပြည့်လင်း(ပြန်/ဆက်)**

**တပ်ကုန်း**

တပ်ကုန်းမြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက တပ်ကုန်းခုတင် (၁၀၀) ပြည်သူ့ဆေးရုံဝင်း၌ ကျင်းပရာ ဥက္ကဋ္ဌ ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ပျိုးပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**



**မိုင်းဆတ်**

မိုင်းဆတ်မြို့နယ်တွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ဝိန်နေရပ်ကွက်ရှိ မိုင်းဖုန်းဆရာတော်ကျောင်းဝင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်များ၊ ဌာနဆိုင်ရာများက ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



**အောင်လံ**

အောင်လံမြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ဘွက်ကြီး(ရေပေါ်) ကြိုးဝိုင်းမွေးမြူရေးဇုန်၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက ပျိုးပင် ၆၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **အာကာ(ပြန်/ဆက်)**





**ဒိုက်ဦး**

ဒိုက်ဦးမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ဘိုင်းဒါးကြီးဝိုင်း အကွက်အမှတ်(၁၁၀)အတွင်း ကျင်းပရာ ညောင်လေးပင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးရဲဝင်း၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **စိုးထက်ကျော်(ပြန်/ဆက်)**



**မုဒုံ**

မုဒုံမြို့တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက မြို့မ (၂)ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာဝင်း၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည့်သိမ်း၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ရာမည(ပြန်/ဆက်)**



**ကော့သောင်း**

ကော့သောင်းမြို့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက်က ခနစ်မိုင်ကျေးရွာ ကော့သောင်းဂေါက်ကလပ်ကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများက ပျိုးပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဟောပြော

**ထားဝယ် ဇွန် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဟောပြောပွဲကို ယမန်နေ့က Polytechnic University (Dawei)၌ကျင်းပရာ မိမိကိုယ်တိုင် ကျန်းမာရေးညီညွတ်သော အပြုအမူအကျင့်ကောင်းများ ကျင့်သုံးရုံသာမက မိမိမိသားစု၊ ပတ်ဝန်းကျင်ကိုပါ ကျန်းမာရေးအမူအကျင့်များ ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်ပေးနိုင်သူများ ဖြစ်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပျို့ရွယ်သူကျန်းမာရေးနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှု၊ ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူများ၊ ဆေးလိပ်/ဆေးရွက်ကြီး/ E-cigarette နှင့် လူငယ်များ၊ BCC အပြုအမူ ပြောင်းလဲခြင်းဆိုင်ရာ ဆက်သွယ်ပြောဆိုခြင်း စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဂန့်ဂေါမြို့၌ မျက်စိကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေး



**ဂန့်ဂေါ ဇွန် ၁၃**

ဂန့်ဂေါမြို့တွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား မျက်စိကျန်းမာရေးစစ်ဆေးခြင်းများကို ယမန်နေ့က စည်ပင်သာယာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(စည်ပင်သာယာ)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တဆေးရုံအုပ် ဒေါက်တာဝင်းထိုက်နှင့် ဝန်ထမ်းများက အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၈၉ ဦးအား မျက်စိကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

## ပဲခူးမြို့၌ ဂဟေဆက်သင်တန်းဖွင့်ပွဲ ကျင်းပ

ပဲခူး ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) သင်တန်းခန်းမ၌ ဇွန် ၁၀ ရက်က ဂဟေဆက်သင်တန်းဖွင့်ပွဲကျင်းပရာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က အွန်လိုင်းမှ တက်ရောက်ဖွင့်လှစ်ပေးသည်။ အဆိုပါသင်တန်းကို ဇွန် ၁၀ ရက်မှ ဇူလိုင် ၇ ရက်အထိ သင်တန်းသား ၂၀ အား သင်တန်းနည်းပြဆရာများက စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

**သက်ထက်**



## မှော်ဘီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်



**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက ညောင်နှစ်ပင်(အထက)ကျောင်းတွင် ကျောင်းသား ကျောင်းသူ အသက် ၁၀ နှစ်ပြည့်ပြီးသူများအား ဇွန် ၁၁ ရက်က နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရာတွင် ခရိုင်လဝကဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## ပန်းတနော်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ပန်းတနော် ဇွန် ၁၃**

ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို ဖိတ်ခေါ်ကာ လူငယ်စကားဝိုင်း ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် လူငယ်နှင့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူး၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့်နည်းပညာကို အကျိုးရှိစွာ အသုံးချခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ရှောင်ကြဉ်ရေးနှင့် လူငယ်တို့၏တာဝန် စသည့်ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူများက



မိမိတို့လေ့လာထားသည့် အသိပညာဗဟုသုတများနှင့် အတွေးအမြင်များကို ဆွေးနွေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



## ဒိုက်ဦးမြို့နယ်၌ သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေး အသိပညာပေး

**ဒိုက်ဦး ဇွန် ၁၃**

ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးလက်ကျန်းမာရေးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမားရေးဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် ယမန်နေ့က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သန့်ရှင်းသော ယင်လုံအိမ်သာစနစ်တကျ ဆောက်လုပ်သုံးစွဲရေး ပညာပေးခြင်း၊ ယင်လုံအိမ်သာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ **စိုးထက်ကျော်(ပြန်/ဆက်)**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



### ကျောင်းသား ကျောင်းသူများအား မျက်စိကျန်းမာရေးစစ်ဆေး

**ဆင်ပေါင်ဝဲ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့်ဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား အမြင်အားနည်းမှုရောဂါ၊ မျက်စိစွေခြင်းနှင့် လွဲပြောင်းညွှန်ပို့ခြင်းဆိုင်ရာ လုပ်ငန်းများကို ဇွန် ၉ ရက်က ဆောင်ရွက်ပေးရာ လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## မြို့နယ်သမဝါယမအသင်းစုများက ဝင်ငွေကြေညာလွှာများ စုပေါင်းပေးအပ်

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မြို့နယ်သမဝါယမအသင်းစုများ၏ ဝင်ငွေကြေညာလွှာပေးအပ်ပွဲကို ဇွန် ၁၁ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစံပယ်ဖြူအောင်က အခွန်ဆိုင်ရာ သိကောင်းစရာများနှင့် ဝင်ငွေခွန်ကြေညာလွှာအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သမဝါယမအသင်းစု ၇၅ စုတို့က ဝင်ငွေကြေညာလွှာများကို ပေးအပ်ခဲ့သည်။

**တင်မောင်-မန္တလေး**



ရွှေဘိုမြို့ စက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးအေးမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဇွန် ၁၁ ရက်က ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



သနပ်ပင်မြို့နယ် အောက်စုရပ်ကွက်ရှိ သဘာဝရေကန်၌ ဇွန် ၁၂ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် စေတနာနာရေးကူညီမှုအသင်းတို့ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများဖြင့် ရေနစ်သူအား ကယ်ဆယ်ပုံ၊ ရှေးဦးသူနာပြုစုနည်းများဖြင့်ပြုစုပုံ၊ နီးစပ်ရာဆေးရုံဆေးခန်းသို့ ပို့ဆောင်ပုံများကို လက်တွေ့သရုပ်ပြစဉ်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည် -

| စဉ် | ရာထူး | လစာနှုန်းကျပ် | ခန့်ထားမည့် ရာထူးနေရာ |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃၅ |
| (ခ) | ငွေကိုင်-၄ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၀ |
| (ဂ) | ဒု-လက်ထောက် ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၀ |
| (ဃ) | ယာဉ်မောင်း-၅ | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၃ |
| (င) | ရုံးအကူ/စာပို့ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၃ |
| (စ) | အစောင့် | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၇ |
| (ဆ) | သန့်ရှင်းရေး | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၂ |

၂။ အဆိုပါ ရာထူးနေရာများအား အောက်ပါ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ယှဉ်တွဲဖော်ပြပါ အရေအတွက်အတိုင်း ခန့်အပ်သွားမည် ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အငယ် တန်း စာရေး | ငွေ ကိုင် (၄) | ဒု-လ/ထ ကွန်ပျူတာ လုပ်ဆောင် ရေးမှူး | ယာဉ် မောင်း ၅ | ရုံး အကူ/ စာပို့ | အစောင့် | သန့် ရှင်း ရေး | စုစုပေါင်း ဦးရေ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရုံးချုပ် | ၅ | ၁ | ၅ | ၃ | ၁ | ၂ | ၂ | ၁၉ |
| ၂ | နေပြည်တော် | ၁ | ၁ | ၁ | | ၁ | - | | ၄ |
| ၃ | ပဲခူးတိုင်းဒေသကြီး | ၉ | ၄ | ၄ | | ၃ | ၁ | | ၂၁ |
| ၄ | မကွေးတိုင်းဒေသကြီး | ၅ | ၃ | ၂ | | ၁ | ၁ | | ၁၂ |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၂ | ၃ | ၂ | | ၁ | ၁ | | ၉ |
| ၆ | မွန်ပြည်နယ် | ၁ | ၁ | ၁ | | ၁ | | | ၄ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၂ | ၁ | | ၁ | ၁ | | ၇ |
| ၈ | ရှမ်းပြည်နယ် | | ၁ | | | ၁ | | | ၂ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ၁၀ | ၄ | ၄ | | ၃ | ၁ | | ၂၂ |

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)၊ (ခ)နှင့် (ဂ) လျှောက်ထားသူများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်မြင်ပြီး ကွန်ပျူတာဆိုင်ရာကျွမ်းကျင်မှုလက်မှတ်ရရှိပြီး (ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူ)ဖြစ်ရမည်။ ၃၁-၅-၂၀၂၆ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး၊ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်း ဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဂ) အမှတ်စဉ် (ဃ) လျှောက်ထားသူများသည်ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီးသူ ဖြစ်ပြီး ယာဉ်မောင်း အတွေ့အကြုံ (၂)နှစ်ရှိရမည်။ ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဃ) အမှတ်စဉ် (င) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီး ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင်အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(င) အမှတ်စဉ် (စ) လျှောက်ထားသူများသည် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(စ) အမှတ်စဉ် (ဆ) လျှောက်ထားသူများသည် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ရယူ၍ လျှောက်ထားရမည်။

(ဇ) လျှောက်ထားသူသည် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ- ၁၂ လက်မှတ်ရရှိပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။

(ဈ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ၊ ငွေကြေးအရှုပ်အရှင်း ကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဘဏ်ခွဲအသီးသီးတွင်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ **Website (https://www.madb.gov.mm)** တွင် **download** ပြုလုပ်၍ သော်လည်းကောင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထား များပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် တိုင်းဒေသကြီး ပြည်နယ်/ခရိုင်/မြို့နယ် ရဲစခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊

(စ) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃) ပုံ၊

(ဆ) ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသူသည် ပုံစံ-၁၂ လက်မှတ်၊

၅။ လျှောက်ထားသူများသည် လျှောက်လွှာများကို ရုံးချုပ် (စီမံခန့်ခွဲရေးဌာနခွဲ)၊ အမှတ်(၂၆/၄၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဘဏ်ခွဲများသို့ ၁၅-၇-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်မျိုးမျိုး ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင်(မပျက်မကွက်)ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၇။ လျှောက်ထားသူများအား အောက်ပါအချိန်ဇယားအတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲအသီးသီးတွင် အရည်အချင်းစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | လျှောက်ထားသည့် ရာထူး | ဖြေဆိုမည့် ဘာသာရပ် | နေ့ရက်/အချိန် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | အထွေထွေဗဟုသုတ (ရေးဖြေ) | ရက် ( ၁ -၈-၂၀၂၆ ) နံနက် (၉:၃၀) နာရီ မှ (၁၁:၀၀) နာရီအထိ |
| (ခ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်း | ရက် ( ၁ -၈-၂၀၂၆ ) မွန်းတည့်(၁၂:၀၀)နာရီ မှ (၁၃:၀၀) နာရီအထိ |
| (ဂ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | လူတွေ့/နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |
| (ဃ) | ယာဉ်မောင်း-၅ | လူတွေ့ / နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |
| (င) | ရုံးအကူ/စာပို့ | လူတွေ့ / နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |
| (စ) | အစောင့် | လူတွေ့ / နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |
| (ဆ) | သန့်ရှင်းရေး | လူတွေ့ / နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |

၈။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၈- ၇-၂၀၂၆ ရက်နေ့တွင် ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ပါရှိရမည်။

၉။ ရွေးချယ်ခန့်ထားသည့်အမည်စာရင်းကို ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

| စဉ် | ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ် | ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ |
|---|---|---|
| ၁ | ရုံးချုပ် | ၀၁-၃၉၁၂၃၂၊ ၀၉-၄၄၂၆၆၄၆၆၄ |
| ၂ | နေပြည်တော် | ၀၆၇-၅၅၀၃၄၆၊ ၀၆၇-၅၅၀၃၄၄ |
| ၃ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၂၅၂၆၊ ၀၇၄-၂၅၂၂၃၈၁ |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၃၉၈ |
| ၅ | ချင်းပြည်နယ် | ၀၉-၄၀၀၃၁၁၈၇၁၊ ၀၇၀-၂၁၀၉၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၁၂၅၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၃၀၀၇၇၊ ၀၅၂-၂၂၃၀၀၂၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၆၆၈၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၃၄၉၃၊ ၀၂-၄၀၆၉၇၄၀ |
| ၁၀ | မွန်ပြည်နယ် | ၀၅၇-၂၄၈၀၃ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၆၅၀၄၀၁၊ ၀၁-၆၅၀၃၉၈ |
| ၁၂ | ရှမ်းပြည်နယ် | ၀၈၁-၂၁၂၂၃၉ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၉၁၂၇၊ ၀၄၂-၂၉၁၂၆ |

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၂/၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေဩဇာ စက်ရုံ(ကန်ကြီးထောင့်)တို့မှ ယူရီးယားဓာတ်မြေဩဇာ (အောက်ကျုံး+ ဂျိုးခဲ) ၃၅၇.၁၇ တန်အား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖွင့်လှစ် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား ၁၆-၆-၂၀၂၆ ရက်နေ့မှစ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ဘဏ္ဍာရေးဌာန(နေပြည်တော်) တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၃၀-၆-၂၀၂၆ ရက်နေ့ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ(နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၃၄၁၁၀၈၂, ၀၉-၅၄၁၄၅၁၃**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့သည်(၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးပစ္စည်းများ၊ Consumables များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းအဆိုပြုလွှာ ရောင်းချမည့်ရက်** - (၁၅-၆-၂၀၂၆) ရက်
**တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - (၁၄-၇-၂၀၂၆) ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ဆေးရုံကြီး ဘားအံမြို့ ဆေးရုံအုပ်ကြီး ရုံးခန်းတွင် ရုံးချိန်အတွင်း (သို့) ဖုန်း၊ ၀၅၈-၂၁၂၅၁ သို့ ဆက်သွယ် စုံစမ်းနိုင် ပါသည်။

**ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေး**
**တင်ဒါကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊**
**ဘားအံမြို့**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
## ကန်ထရိုက်တာ အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၂)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ လမ်းအထူးအဖွဲ့ (၃)နှင့်ခရိုင်များမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော ( ၈၀/၁၀၀) ကန်ထရိုက်တာများကို မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅ - ၆ -၂၀၂၆ ရက်မှ
- ၂၆ - ၆ - ၂၀၂၆ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့် နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

(ဂ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၂၉-၆-၂၀၂၆ရက်၊ ၁၆:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၃၀-၆-၂၀၂၆ရက်၊ နံနက် ၁၀:၀၀နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း -၀၈၄-၂၀၂ ၃၁၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ မကျီးပင်ကျေးရွာမူလတန်းကျောင်း Grade-1 တွင် ပညာသင်ကြားနေသော မောင်သုထက်လင်းအောင်နှင့် Grade -5 တွင် ပညာသင်ကြားနေသော မနှင်းရတနာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင် ၇/ဇကန(နိုင်)၀၃၈၅၁၅ ဖြစ်ပါကြောင်း။

**ဦးတင်နိုင် ၇/ဇကန(နိုင်)၀၃၈၅၁၅**

## အမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ တန့်ယန်းမြို့ မန်ကျောင်းကျေးရွာနေ (ဘ)ဦးဆန်ယွန်း၏ အမည်မှန်မှာ ဦးဆန်စိန် ၁၃/တယန(နိုင်)၀၅၃၂၇၃ ဖြစ်ပြီး သားဖြစ်သူ မောင်ငုတ်လောင်း၏ အမည်မှန်မှာ မောင်ငိုလောင်း ဖြစ်ပါကြောင်း။

**ဦးဆန်စိန် ၁၃/တယန(နိုင်)၀၅၃၂၇၃၊ တန့်ယန်းမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၅

၁။ ဦးသန်းထွေး နှင့် ဦးအောင်မြင့် (၎င်း၏အထူး
၂။ ဒေါ်လှခင် ကိုယ်စားလှယ်စာရသူဦးထွန်းဇော်ဝင်း)
တရားလိုများ တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာလမ်း၊ ၁၃၁ လမ်းနှင့် ၆၈ လမ်း ထောင့်၊ (ဆ) ရပ်ကွက်နေ ဦးအောင်မြင့်(ဘ)ဦးစောမောင် (၎င်း၏အထူး ကိုယ်စားလှယ်စာရသူ ဦးထွန်းဇော်ဝင်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင်ဦးအောင်မြင့်(ဘ)ဦးစောမောင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးထွန်းဇော်ဝင်း) သင့်အပေါ် ၌ တရားလို ဦးသန်းထွေးပါ-၂ က "မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓေ-၂၂)၊ ဦးပိုင်အမှတ် (၂၃)၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးအောင်မြင့် အမည်ပေါက်ဂရန် မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ။ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် (၁၃၈၈ခုနှစ်၊ ပထမဝါဆိုလဆန်း ၈) ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ အင်းဇောက်ရွာနေ အထက(၃)ထားဝယ်၊ Grade-5 မှ မောင်အိုင်မျိုးကို၏ ဖခင် ဦးဇော်မျိုး၏ အမည်မှန်မှာ ဦးမျိုးဇော် ၆/လလန(နိုင်) ၁၂၆၁၄ ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်**

## မိဘအမည်မှန်

ကော့သောင်းမြို့၊ အထက(၁၀) မိုင်၊ Grade -9 မှ မမေမြတ်ဖူး၏ မိဘအမည်မှန်မှာ မှတ်ပုံတင်စာရင်း အရ ဦးညီညီထွန်း ၆/ကစန(နိုင်) ၀၈၉၇၁၂ နှင့် ဒေါ်အေးစန္ဒာထွန်း ၆/ကစန(နိုင်)၀၈၉၆၉၇ ဖြစ်ပါ ကြောင်း။

**ဦးညီညီထွန်း၊**
**ဒေါ်အေးစန္ဒာထွန်း**

## မိခင်အမည်မှန်

မြိတ်မြို့၊ ဗိုလ်ဗထူးလမ်းသွယ် (၁)၊ အိမ်အမှတ်(၃၂/က)နေ (ဘ) ဦးညီညီ၏ သားနှင့် သမီးဖြစ်သော မောင်ဟိန်းအုပ်စိုး၊ အထက-၁ Grade-10 မှ မစန္ဒီချိုတို့၏ မိခင် အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်ယဉ်ဝင်း ၆/သရခ(နိုင်)၀၃၅၂၆၄ ဖြစ်ပါကြောင်း။

**ဒေါ်ယဉ်ဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မာဃ(၁၀ )လမ်း၊ မြေကွက်အမှတ် (၈၂၇) မြေတိုင်းရပ်ကွက်အမှတ်( ၁၂ )ဟုခေါ်တွင်သော အလျားပေ ၆၀ အနံပေ ၄၀မြေပေါ်တွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ အခန်းပေး အခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသော ၂ခန်းတွဲ ၆ထပ်တိုက်၏ မြေညီပိုင်အခန်းဖြစ်သော ဒုတိယထပ် (ခေါင်းရင်း) ခြမ်းအခန်း ၁၇ပေX၅၄ပေအကျယ်ရှိ ယခုရောင်းသူ/မြေရှင်ဖြစ်သည့် ဒေါ်ရီရီဝင်း(ဘ)ဦးချစ်စိန်(၁၂/လကန(နိုင်)၀၀၂၁၈၄) သည် မိမိမှ အမည်ပေါက်ပိုင်ဆိုင်ပြီး အချုံးကျရှိပိုင်ဆိုင်ထားသောအခန်းဖြစ်ကြောင်း၊ အခြားသူများသို့ထပ်ဆင့်ရောင်းချ ထားခြင်း၊ ပေါင်နှံထားခြင်း ၊ ပေးကမ်းထားခြင်း ၊ စွန့်လွှတ်ထားခြင်း ၊ အာမခံထားခြင်းစသည့် မည်သည့်အရှုပ်အထွေးမျှမရှိ ကြောင်း ဝန်ခံပြောဆိုပြီး အဆိုပါတိုက်ခန်းအားကာလပေါက်ဈေးဖြင့် ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူဒေါ်ဝေဝေချစ် (၇/ပတန(နိုင်)၀၀၁၀၈၂)မှကျေနပ်သဘောတူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ပြီးဖြစ်ပါသည်။သို့ပါသောကြောင့် ယခုအရောင်းအဝယ်ပြုသည့် တိုက်ခန်းနှင့် ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသော မည်သူ မဆိုပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤ ကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သက်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်အားပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှန်းလဲ့ဇော် (LL.B, D.B.L, DIL) တရားလွှတ်တော်ရှေ့နေ (စဉ် ၁၀၆၈၄ )**
**အမှတ် (၃၇၉) ၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၉၅၅၆၄၁၄၄၉/၀၉-၄၄၉၄၆၄၅၉၂**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ တလိုင်းစုရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ ကွင်းအမည်-တလိုင်းစု ကွင်း ဦးပိုင်အမှတ် (က/၁၅) ဧရိယာ (၀ ဒသမ ၀၄၇)ဧကကို ဘိုးဘပိုင်အမည်ပြောင်း ပေးရန် ဒေါ်ဖြူပွင့်စိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲ ပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၂)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ၊မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ ကွင်းအမည် ရေပုန်းကွင်း၊ ဦးပိုင်အမှတ်(က/၃၁/ခ) ဧရိယာ (၀.၆၂၈) ဧကအနက်မှ (က)အမှတ်ပြ ဧရိယာ (၀ ဒသမ ၂၁၅) ဧကကို ဘိုးဘပိုင်အမည် ပြောင်းပေးရန် ဒေါ်မြသန်းပါ (၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၃) ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူ ထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ၊ မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်(၂၀.AS)၊ ကွင်းအမည် ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(ခ/၃၁) . ဧရိယာ (၀.၂၄၇)ဧကအနက်မှ (က)အမှတ်ပြဧရိယာ (၀ ဒသမ ၂၁၀)ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးနေဝင်းစိုးမှ လျှောက်ထား လာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေး ထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၈၃ ၊ မြေကွက်အမှတ်- ၃၁၂ ၊ အကျယ်အဝန်း (ပေ ၄၀xပေ ၆၀)၊ ရှိ ဦးအေးလွင် (CE -၀၉၁၀၄၁) အမည်ပေါက်ပါမစ် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ပြီး လက်ရောက်ရယူထားသူဖြစ်ကြောင်း၊ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးထွန်း (၁၂/ခရန (နိုင်) ၀၂၉၇၂၄) အမှတ်(၁၄၂၅) ဒဂုံသီရိလမ်း၊ ၉၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့် မြောက်သည့်တိုင် ကန့်ကွက် သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီး မြောက်အောင်မြင်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ စဉ်- ၈၀၂၁)**
**(LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း၊ (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ စဉ်- ၁၃၀၈၈)**
**အမှတ်-၅၈၁/ခ၊ ရွှေပြည်သာ (၂)လမ်း၊ ၃၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၉၇၉၃၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မုံရွာခရိုင်၊ အလုံမြို့၊ နယ်မြေ(၃)၊ ရွှေတံခါး(အရှေ့)ရပ်ကွက်ရှိ အိမ်ဝင်းမြေမှာ ဦးစန်းလင်း(ခ)ဦးဘပု၊ ဒေါ်ခင်စန်းရီ၊ ဦးထွန်းမြင့်အောင်၊ ဦးဇော်၊ ဦးစန်းဝင်း၊ ဦးမြင့်သိန်းတို့ မောင်နှမ(၆)ဦးမှ ပိုင်ဆိုင်ခဲ့ကြပြီး၊ ကျန်မောင်နှမ (၅)ဦးမှ ဦးစန်း လင်း (ခ) ဦးဘပုအား ၎င်းတို့ပိုင် အိမ်ဝင်းမြေကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မြေအား စွန့်လွှတ်ခြင်းစာချုပ်ဖြင့် ပေးခဲ့ပါသည်။ အလုံမြို့ရှိ အိမ်ဝင်းမြေပိုင်ရှင် ဦးစန်းလင်း(ခ)ဦးဘပုမှ အများသိရှိနိုင်ရန်နှင့် ကန့်ကွက်နိုင်ရန်ကြေညာအပ်ပါသည်။ အရှေ့လားသော်-ဖောင်ဝင်းကျောင်းကြီး ဘုန်းကြီးကျောင်းတိုက်နှင့် ရွှေဘုံသာ ဘုရား၊ အနောက်လားသော်- မြို့ဟောင်းကွန်ကရစ်လမ်း၊ တောင်လားသော်- လမ်းသွယ်၊ ဦးလှဘော်-ဒေါ်သန်း နေအိမ်ဝင်းမြေ၊ မြောက်လားသော်- ဦးအောင်စိုး ဦး-ဒေါ်ချိုချိုသန်း နေအိမ်ဝင်းမြေ နယ်လေးရပ်အတွင်းရှိ တောင်မြောက်(၁၃၅) ပေ၊ အရှေ့အနောက်(၁၀၈)ပေရှိသော အိမ်ဝင်းခြံမြေမှာ ဦးစန်းလင်း(ခ)ဦးဘပုမှ ပိုင်ဆိုင်ပြီး ထိုအိမ်ဝင်းမြေနှင့်ပတ်သက်၍ မုံရွာမြို့နယ် လယ်ယာမြေနှင့် စာရင်း အင်းဦးစီးဌာန၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် မြေစာရင်းပုံစံ(၁၀၅၊ ၁၀၆)နှင့် ဂရန်လျှောက်ထားမည် ဖြစ်ပါသည်။ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် သတင်းစာတွင် ကြေညာသည့်ရက် မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစန်းလင်း (ခ) ဦးဘပု**
**မုံရွာတောင်၊ ညောင်ရိပ်သာရပ်ကွက်**
**ပြည်ထောင်စုလမ်း၊ မုံရွာမြို့ ၊**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးသိန်း(LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့၊**
**ဖုန်း-၀၉-၄၀၀၄၅၄၃၀၉**

## အမည်မှန်

ဦးထွန်းလင်းအောင် ၅/မရန(နိုင်)၂၁၁၂၀၃ ၏ သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အထက(ခွဲ) အလက(၂) Grade-6 မှ မခိုင်ခိုင်၏ အမည်မှန်မှာ မခိုင် တင်ဇာထွန်း ဖြစ်ပါကြောင်း။

**မခိုင်တင်ဇာထွန်း**

## အမည်ပြောင်း

ဦးသက်ထွေးကျော် ၏ သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အမှတ်(၁၅၉) အခြေခံ ပညာမူလတန်းကျောင်း Grade-2 မှ မထားအိရွှေရည် အား မဆုဟန်သီ ထက် ဟု ပြောင်းလဲခေါ်ပါရန်။

**မဆုဟန်သီထက်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၂၄၉၅, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ဦး ၆/မမန(နိုင်) ၁၂၇၄၀၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီးရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၄၄၈၇, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းစုလှိုင် ၆/မမန(နိုင်)၁၆၆၅၉၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/38840 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တိုးတိုးဝင်း ၉/မခန(နိုင်)၂၉၈၂၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၆၉၉၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုဦး ၁၀/မလမ(နိုင်)၁၇၉၅၆၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၇၈၀၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းစိုး ၁၀/ကမရ(နိုင်)၂၁၆၈၀၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/10600 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၁၀/သဖရ(နိုင်)၀၀၅၁၁၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက် အမှတ် (၇၄၇)၊ ဦးပိုင်အမှတ် (၁-ဋ္ဌ)၊ ၃၀X၃၁ကြား၊ ၇၀X၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းအောင်ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၃၄၄/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ထွေး ၁/ မညန(နိုင်)၁၀၄၁၅၆က အမှုတွဲအမှတ်(၀၅၅၀/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဓေ-၉၊ ဦးပိုင်အမှတ် ၈၂/၁၃၀x၁၃၁ ကြား၊ ၆၀A x ၆၀ B လမ်းကြားရှိ ဒေါ်ခင်ဝင်းမြင့် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ပြည့်သက်ဦးက တရားပြိုင် ဒေါ်ခင်ဝင်းမြင့် (၎င်း၏ SP ရရှိသူ ဒေါ်ဖြူဖြူထွန်း)အပေါ် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော် တရားမကြီးမှုအမှတ် (၁၈၂/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီ ရရှိသူ ဒေါ်ပြည့်သက်ဦး ၉/ခမစ(နိုင်)၀၁၃၈၃၅ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ က ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ် ၄၃၊ ဦးပိုင်အမှတ် ၇-ခ/ဘုန်းတော်တိုး-၁လမ်း၊ ၆၅E x ၆၅ F လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းနိုင်ထွန်း ၉/အမဇ(နိုင်)၀၄၉၂၆၁၊ ဒေါ်တင်တင်မြင့် ၉/မနမ(နိုင်) ၀၀၁၈၅၅ တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ တောင်မန်းကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) Grade-5 မှ မသုန်နဒီဦး၏ဖခင် ဦးချစ်ကို ၏ အမည်မှန်မှာ ဦးချစ်ဦးကိုကို ၈/မဘန(နိုင်)၁၅၂၅၂၀ ဖြစ်ပါကြောင်း။

**ဦးချစ်ဦးကိုကို**

## အမည်ပြောင်း

မြိတ်မြို့၊ ကန်ခေါင်းရပ်၊ မေတ္တာလမ်း၊ အိမ်အမှတ် ၄၁၆ နေ ဦးသန်းမြင့်နှင့် ဒေါ်တင်တင်ကြိုင်တို့၏သား မောင်မြင့်ကြိုင်အား ယနေ့မှစ၍ မောင်မင်းခန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းခန့်**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ရွှေဒူးကျေးရွာနေ ဦးမြတ်သူနှင့် ဒေါ်အေးအေးအောင်တို့၏ သမီး မအေးမို့မို့လှိုင် ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၇-၂၀၁၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ ဒုတိယထပ်(ဘီ)၊ အမှတ်(၃)ဟု ခေါ်တွင်သော အကျယ်အဝန်း(၁၁x၅၀)ပေအကျယ်ရှိတိုက်ခန်းနှင့် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဒေါ်အေးသန္တာဦး (၁၂/သဃက(နိုင်)၁၆၂၅၁၅) ထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူသူစံ (၃/မဝတ(နိုင်)၀၉၇၂၄၃)က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ (၂၁-၆-၂၀၂၆) ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ အဆိုပါတိုက်ခန်းကို ဥပဒေနှင့်အညီ လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သူသူစံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 21W/68873, Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၁၄/ကကထ(နိုင်)၁၇၃၁၃၀ က ဖောင်းကြွနံပါတ်ပြား လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/22654, Zhineng -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မြင့် ၁၄/ပသန(နိုင်)၂၂၆၃၀၁ က ဖောင်းကြွနံပါတ်ပြား လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
### သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၇

ဦးဝင်းဦး နှင့် ဦးသိန်းထွန်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ် - ၂၂၇ ရပ်နေ တရားပြိုင် ဦးသိန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်ပါအတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု" ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၂) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၆

ဒေါ်စန်းစန်းယု နှင့် ဒေါ်ဖြူဖြူဝင်း
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ ယသသဝတီလမ်း၊ အမှတ်(၃၀၈) နေ ဒေါ်ဖြူဖြူဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက" ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု "လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ ဇွန်လ(၂၅)ရက်(၁၃၈၈-ခုနှစ်) ပထမဝါဆိုလဆန်း (၁၁) ရက် မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၁) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေနှင်းသူ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ကျောင်းရွာအုပ်စုနေ မကလျာစံ ၉/တကန(နိုင်)၂၀၅၃၆၄ ၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့်(ခ)ဦးကိုမြင့်၊ မိခင် ဒေါ်ခင်စန်း(ခ)မခင်ဆန်း တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရွှေပေးရွာနေ မအေးမြတ်မွန် ၆/မမန(နိုင်)၂၀၆၅၉၄ ၏ ဖခင်ဦးသန်းကျော်ဝင်း (ခ)ဦးသန်းကျော်မင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ ဥသျှစ်ပင်ကျေးရွာနေ မဝါဝါအောင် ၇/ရတရ(နိုင်)၁၇၉၆၂ ၏ မိခင် ဒေါ်ကြည်ဝင်း (ခ)ဒေါ်ကြည်ကြည်ဝင်း၊ ဖခင် ဦးမိုးလွင်(ခ)ဦးအောင်မိုးလွင် တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ ညောင်ကုန်းရွာနေ မသွယ်သွယ်ထူး ၉/လဝန(နိုင်) ၃၃၉၇၆၀ ၏ ဖခင် ဦးဇော်သက် (ခ) ဦးတုတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

